ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှု ကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက် တနင်္လာနေ့။ Monday, 8 June 2026 ၁၂၂၀၃

# နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့

- ❖ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။
- ❖ ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်။
- ❖ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများသည် များစွာအရေးပါသည်။

## လူငယ်နှင့်အနာဂတ် နိုင်ငံတော်ဖွံ့ဖြိုးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် "လူငယ်နှင့်အနာဂတ် နိုင်ငံတော်ဖွံ့ဖြိုးရေး"ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၌ ကျင်းပသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻



## ကန့်ဘလူမြို့နယ်၌ ဆီထွက်သီးနှံ ၈၉၆၈ ဧက စိုက်ပျိုးပြီးစီး လျာထားဧကပြည့်မီရေး ဆက်လက်စိုက်ပျိုးလျက်ရှိ

ကန့်ဘလူ ဇွန် ၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆီထွက်သီးနှံ ၈၉၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးခဲ့သည့် သီးနှံများတွင် မြေပဲ ၈၆၃၆ ဧက၊ နှမ်း ၇၈ ဧကနှင့် နေကြာ ၂၅၄ ဧက စုစုပေါင်း ၈၉၆၈ ဧကဖြစ်ပြီး ယင်းသီးနှံများကို ယခုနှစ် မေလကစတင်စိုက်ပျိုးခဲ့ကာ လျာထားဧက ၅၂၀၉၆ ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❍

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၇

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

## တောင်ငူခရိုင်အတွင်း လယ်မြေများရေကြီးနစ်မြုပ်မှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်



တောင်ငူ ဇွန် ၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း ရေကြီးနစ်မြုပ်မှုမဖြစ်ပေါ်စေရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ရေနုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းများကို မိုးမကျမီတူးဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁



## အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေး

မူဆယ် ဇွန် ၇

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မူဆယ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက်(ဟိုနားရပ်)၌ နယ်လှည့်ကွင်းဆင်း ဆေးကုသခြင်းကို ယမန်နေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

**ချစ်ကြည်ရေးသစ်ပင် အစဉ်အမြဲစိမ်းလန်းဝေဖြာ ပြည်သူများ စိတ်နှလုံးချင်း ဆက်နွှယ်မှုပေါင်းကူးတံတား ထာဝရ တည်တံ့ခိုင်မြဲ**

ဆောင်းပါး စာမျက်နှာ » ၆

**မြန်မာ့ဆန်စပါး၏ ရွှေခေတ်ကို ပြန်လည်ထူထောင်ကြပါစို့**

ဆောင်းပါး စာမျက်နှာ » ၁၂

ကြေးမုံ

# ပြည်သူများ၏လူမှုစီးပွားဘဝ လုံခြုံစိတ်ချအဆင်ပြေရေးဆောင်ရွက်

နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းစေရေးနှင့် ဒေသတွင်းနေထိုင်ကြသည့် ပြည်သူများ၏ လူမှုစီးပွားဘဝများ လုံခြုံစိတ်ချ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားရာ တပ်မတော်အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဒေသအလိုက် တည်ငြိမ်အေးချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့မှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ဒေသတစ်ခုပြီးတစ်ခု အကောင်အထည်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်နေရသည်။

ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ပေးရာတွင် တပ်မတော်အနေဖြင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုတို့ကို ဆောင်ရွက်ပေးပြီးသည်နှင့် ဒေသအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိသည်။ တပ်မတော်အနေဖြင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ပညာရေးကဏ္ဍ မြှင့်တင်ပေးရန် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများအား တပ်မတော်ယာဉ်တန်းများဖြင့် ပို့ဆောင်ပေးလျက်ရှိသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဝေးလံပြီးသွားလာရေးခက်ခဲသည့်ဒေသများသို့ တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

အဆိုပါထောက်ပံ့ရေးပစ္စည်းများသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် အထောက်အကူပြုမည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်ကျေးဇူးတင်လျက်ရှိသည်။ တပ်မတော်အနေဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးပြီး အကြမ်းဖက်သမားများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် လမ်းတံတားများ ပြန်လည်ပြုပြင်ရေး၊ အများပြည်သူ သေကျေပျက်စီးအောင် ထောင်ထားခဲ့သည့် မိုင်းများ ရှင်းလင်းရေးတို့ကို ဖြန့်ကြက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ ခရီးသွားမော်တော်ယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်များ ပုံမှန်အတိုင်းသွားလာနိုင်ပြီဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ သွားလာနေထိုင်ရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နေပြီဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ဒေသခံပြည်သူများ လုံခြုံစိတ်ချမှုရှိစေရေး၊ ပုံမှန်အတိုင်း လုပ်ကိုင်စားသောက်နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသော်လည်း နယ်မြေဒေသများ ထိန်းချုပ်ရေး၌ ကျန်ရှိနေသောဒေသများရှိ ပြည်သူများအနေဖြင့် အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူများကြောင့် ဆင်းရဲဒုက္ခအမျိုးမျိုးရောက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

လုံခြုံမှုအလုမ်းဝေးသည့် ဒေသများတွင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဒေသခံအပြစ်မဲ့ပြည်သူများကို ဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုများရှိနေပြီး လုံခြုံမှုရှိသောနေရာအချို့တွင်လည်း အလစ်အငိုက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။ ပြီးခဲ့သည့်ရက်ပိုင်းက စစ်ကိုင်းမြို့ လူဝင်မှုကြီးကြပ်ရေးမှူးရုံးတွင် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနေစဉ် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချိန်ကိုက်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ရုံးဝန်ထမ်းနှင့်အပြစ်မဲ့ပြည်သူ ၁၉ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ ထို့အပြင် ဂန့်ဂေါခရိုင် ကျော‌မြို့ အခြေခံပညာအထက်တန်းကျောင်း(ကျော)တွင် ကျောင်းသန့်ရှင်းသာယာလှပရေး ပြုလုပ်နေသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းအရှေ့ဘက်မှနေ၍ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ကျောင်းသားတစ်ဦး ကျည်ထိမှန်ဒဏ်ရာရခဲ့သည်။ ကျောင်းသား ကျောင်းသူကလေးသူငယ်များ၏အနာဂတ်အတွက် အေးချမ်းစွာပညာသင်ကြားမှုများကို နှောင့်ယှက်ဖျက်ဆီးသည့် အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ပြည်သူအားလုံးက စက်ဆုပ်ရွံမုန်း ကန့်ကွက်ရှုတ်ချလျက်ရှိသည်။

ပြည်သူများ၏ လူမှုစီးပွားဘဝများ လုံခြုံစိတ်ချမှုနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီးနေကြသည့် PDF အမည်ခံ အကြမ်းဖက်သမားများအပါအဝင် လက်နက်ကိုင်သောင်းကျန်းသူများအားလုံး အမြစ်ပြတ်နိဂုံးချုပ်ရေးအတွက် တပ်မတော်နှင့်အတူ ပြည်သူအားလုံးပူးပေါင်းပါဝင်ကူညီမှုဖြင့် အရှိန်အဟုန်မြှင့်တင် ဆက်လက်တိုက်ဖျက်ချေမှုန်းသွားမည်ဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေရေးအတွက် အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေသည့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ၊ နိုင်ငံတော်ကလက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာ ဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ် ကျင်းပပြုလုပ်မည်

**နေပြည်တော် ဇွန် ၇**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပိုမိုချစ်ကြည်ရင်းနှီးစေရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပြည်သူများအကြား ထိတွေ့ဖလှယ်မှု မြှင့်တင်နိုင်ရေးတို့ကို ရည်ရွယ်၍ **"၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ်"** ကို ဇွန် ၈ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဥတ္တရသီရိမြို့နယ် Ocean ဈေးဝယ်စင်တာရှိ JCGV ရုပ်ရှင်ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပြပွဲတွင် မြန်မာဘာသာစာတန်းထိုး တရုတ်ရုပ်ရှင်ဇာတ်ကား ခုနစ်ကား ပြသသွားမည်ဖြစ်ရာ ပြည်သူများ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဇွန် ၇**

ယနေ့ နံနက် ၁၁ နာရီ ၄၂ မိနစ် ၂၇ စက္ကန့်တွင် တမူးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၂၇ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မော်လိုက်မြို့၏ မြောက်-အရှေ့မြောက်ဘက် ၂၄ မိုင်ခန့် အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၉၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၅၉ ဒီဂရီ၊ အနက် ၁၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၉(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

■

## ၇ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၀၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မော်စကိုမြို့Smart Meter ထုတ်လုပ်သည့်စက်ရုံသို့ သွားရောက်လေ့လာ



**နေပြည်တော် ဇွန် ၇**

ရုရှားဖက်ဒရေးရှင်း နိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ Telematic Solution Co., Ltd.၏ Smart Meter ထုတ်လုပ်သည့် စက်ရုံသို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက စက်ရုံအတွင်း ဆောင်ရွက်နေမှု လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ရှင်းလင်းမှုများ အပေါ် ပြည်ထောင်စုဝန်ကြီးက ကိုယ်ပိုင် အဆင့်မြင့်နည်းပညာသုံး တပ်ဆင်ထုတ်လုပ်ထားသည့် Smart Meter စနစ်ကို မြန်မာနိုင်ငံ၌ လက်ရှိအသုံးပြုနေသည့်စနစ်တွင် ပေါင်းစပ် အဆင့်မြှင့်တင်ရာ၌ လာရောက်ရင်းနှီးမြှုပ်နှံလိုသည့်အပေါ် ကြိုဆိုပါကြောင်းနှင့် နည်းပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ခြင်းများ ပြုလုပ်လိုပါကြောင်း ပြန်လည် ဆွေးနွေးသည်။

**ရှင်းလင်းတင်ပြ**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးအား Inter Rao Co., Ltd. မှ တာဝန်ရှိသူများက လာရောက်တွေ့ဆုံ၍ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ထုတ်လုပ်သည့် တာဘိုင်များအား စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးနှင့် ပြန်လည်ပြုပြင်နိုင်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သဘာဝဓာတ်ငွေ့ လေလွင့်ဆုံးရှုံးမှုများ လျှော့ချနိုင်ရန်အတွက် တာဘိုင်များကို ပြုပြင်ခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ နည်းပညာရရှိရေး အတွက် ပူးပေါင်းဆောင်ရွက်ခြင်း တို့ကို လာရောက်လေ့လာရန် ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး Alabuga SEZ မှ ကိုယ်စားလှယ် Mr. Konstantin Trifonov အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပလျက်ရှိသည့် (၂၈)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ ဒုတိယသမ္မတ ဦးညိုစောနှင့်အတူ တက်ရောက်ခဲ့သည့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် တာတာစတန်ဒေသ (Republic of Tatarstan) ကာဇန်မြို့ရှိ အလာဘူဂါ အထူးစီးပွားရေးဇုန် (Alabuga Special Economic Zone)မှ ကိုယ်စားလှယ် Mr. Konstantin Trifonov အား ဒေသစံတော်ချိန် ညနေပိုင်းတွင် Welton Hotel ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အထူးစီးပွားရေးဇုန်၏ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရေး စက်မှုလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများ အတွက် လုပ်သားများခေါ်ယူမည့် ကိစ္စရပ်များ၊ အလုပ်သမားရေးရာ MoU ရေးထိုးနိုင်ရေးဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် မြန်မာလုပ်သားများ အလုပ်လုပ်ကိုင်နေကြသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**✻ လူငယ်မှ**



လူငယ်နှင့် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောစဉ်။

စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ တိုင်းရင်းသားလူငယ် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အမှာစကား ပြောကြားပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးထံ အားကစားပစ္စည်းများနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကော်မတီမှ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း)ထံ ဂုဏ်ပြုလက်ဆောင် ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကော်မတီမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း)က လူငယ်နှင့် အနာဂတ် နိုင်ငံတော်ဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး တက်ရောက်လာကြသည့် လူငယ်မောင်မယ်များက သိရှိလိုသည်များ မေးမြန်းကြရာ စာတမ်းရှင်က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**○ ရှေ့ဖုံးမှ**

"ကျွန်တော်တို့မြို့နယ်မှာ ထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးမြင့်လာစေရေးနဲ့ စားရေရိက္ခာဖူလုံရေးကို ဦးစားပေးဆောင်ရွက်နေသလို စားသုံးဆီဖူလုံရေးနဲ့ ဆီထွက်သီးနှံတိုးမြှင့်ထုတ်လုပ်နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်နေပါတယ်။ သီးထပ်၊ သီးညှပ်တွေနဲ့ ဆီထွက်သီးနှံတွေကို စိုက်ပျိုးပြီး မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်စေဖို့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို လည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးမြင့်က ပြောသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## မိုးညှင်းမြို့နယ်၌ သဘာဝမြေဩဇာ ဘိုင်အိုချာထုတ်လုပ်နည်း လက်တွေ့ပြသ

**မိုးညှင်း ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး မိုးညှင်းမြို့နယ်တွင် ဒေသခံတောင်သူများအား သဘာဝမြေဩဇာ ဘိုင်အိုချာထုတ်လုပ်နည်း လက်တွေ့ပြသခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးဝင်းအတွင်း၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်သီတာဦးက သဘာဝမြေဩဇာ ဘိုင်အိုချာပြုလုပ်နည်းအဆင့်ဆင့်၊ လိုအပ်သည့် ပစ္စည်းထည့်သွင်းအသုံးပြုရန်နှုန်းထားများ၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် သဘာဝမြေဩဇာဘိုင်အိုချာ ပြုလုပ်ပုံအဆင့်ဆင့်ကို တောင်သူများအား လက်တွေ့ပြသခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖုန်းလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

**❖ မူဆယ်မှ**

မူဆယ်ပြည်သူ့ဆေးရုံကြီးမှ ခရိုင်ဆရာဝန်ကြီး ဒေါက်တာ အောင်မြင့်ထွန်းက ဦးဆောင်၍ သမားတော်ကြီး၊ အရိုးအထူးကုဆရာဝန်ကြီး၊ သွားနှင့်ခံတွင်းဆရာဝန်ကြီး၊ ကလေးအထူးကုဆရာဝန်ကြီး၊ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးနှင့် သူနာပြုဆရာ ဆရာမများ လိုက်ပါလျက် မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက် (ဟိုနားရပ်) လူငယ်ဇရပ်တွင် လူနာမှတ်တမ်းစာရင်းရေးသွင်းခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ကလေးများ ပေါင်ချိန်ခြင်း၊ ဆီးချို သွေးချို စစ်ဆေးခြင်းများဆောင်ရွက်ပြီး သက်ဆိုင်ရာ ဆရာဝန်ကြီးများထံပြသ၍ လိုအပ်သည့် ဆေးကုသမှုများကို ဆောင်ရွက်ပေးခဲ့သည်။

ဆရာဝန်ကြီးများ၏ ဆေးကုသခြင်းများအပြင် ကလေးငယ်များအား ဗီတာမင်(အေ) တိုက်ကျွေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ယနေ့တွင် လူနာ စုစုပေါင်း ၂၈၄ ဦးအား(အခမဲ့) ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**❁ တောင်ငူခရိုင်မှ**

ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေတာရှည်မြို့နယ် ညောင်ပင်သာကျေးရွာအုပ်စုတွင် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း လေးခု၊ တောင်ငူမြို့နယ် ကန်ရိုးကျေးရွာအုပ်စုတွင် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း ငါးခု၊ အုတ်တွင်းမြို့နယ် ရေသိုးကျေးရွာအုပ်စုတွင် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း နှစ်ခုတို့ကို တူးဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ တောင်ငူခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက စုစုပေါင်း ရေနုတ်မြောင်း ၁၁ မြောင်း တူးဖော်ဆောင်ရွက်ပေးလျက်ရှိရာ ဧရိယာ ၅၂၈၅ ဧကကို ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေမည်ဖြစ်ပြီး တောင်သူများ၏ စိုက်ပျိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အိန္ဒိယနိုင်ငံမှကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံ



**နေပြည်တော် ဇွန် ၇**

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနရုံး၌ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အိန္ဒိယနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)ရှိ သံရည်ကျိုအလုပ်ရုံ အမှတ်(၁)ကို ၂၀၂၃ ခုနှစ် မတ် ၂၃ ရက်တွင် စတင်လည်ပတ်၍ လေးထောင့်ပုံ သံမဏိချောင်း(Billet) တန် ၂၈၀၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ သံရည်ကျိုအလုပ်ရုံ အမှတ်(၂)လည်ပတ်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံမှ ပညာရှင်များနှင့် စက်ရုံမှ ပညာရှင်များပူးပေါင်း၍ စက်ပစ္စည်းများကို စစ်ဆေးခြင်း၊ ပြုပြင်ခြင်းများဆောင်ရွက်ကာ သံရည်ကျိုအလုပ်ရုံအား စတင်လည်ပတ်ပြီး သံမဏိပြားများ (Slab)ကို ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)၏ စီမံကိန်းလုပ်ငန်းများ အောင်မြင်ပြီးမြောက်စေရေးအတွက် ဆက်လက်ကူညီဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံမှ ပညာရှင်၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးတို့၏ စက်ပစ္စည်းကိရိယာများ စစ်ဆေးပြုပြင်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာပြီးစီးရေးအတွက် ညှိနှိုင်းအစည်းအဝေးကိုဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြင်ဦးလွင်မြို့၌ အခမဲ့ရောဂါရှာဖွေဆေးကုသပေး

**ပြင်ဦးလွင် ဇွန် ၇**

ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ပြင်ဦးလွင်မြို့မှ ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက နယ်လှည့်ကွင်းဆင်း အခမဲ့ဆေးကုသမှုလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် ဝက်ဝံတိုက်နယ်ဆေးရုံ၌ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာရှိ ဝက်ဝံတိုက်နယ်ဆေးရုံ၌ အထိုင်ချ၍ ပတ်ဝန်းကျင်ကျေးရွာများရှိ ကျေးလက်နေပြည်သူများအား အထွေထွေရောဂါကုသခြင်း၊ ကလေးလူနာများကုသခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် မီးယပ်လူနာများ၊ သက်ကြီးရွယ်အိုများ စောင့်ရှောက်ပေးခြင်း၊ ခွဲစိတ်လူနာများနှင့် အရိုးနှင့် ထိခိုက်ဒဏ်ရာရလူနာများအား ကြည့်ရှုပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ခိုလမ်မြို့၌ လျှပ်စစ်ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းစစ်ဆေး

**ခိုလမ် ဇွန် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံးက လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်းစစ်ဆေးခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဆန်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ၁၁/၀.၄ ကေဗွီဓာတ်အားခွဲရုံတွင် Earthing စစ်ဆေးခြင်း၊ Bolt & Nuts များ စစ်ဆေးချိန်ညှိခြင်း၊ ကြွေသီးများသန့်ရှင်းရေးဆောင်ရွက်ပြီး ၆၆/ ၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၁၁ ကေဗွီ မြို့တွင်း ဖီဒါတစ်လျှောက် ဓာတ်အားလိုင်းနှင့် လွတ်ကင်းမှုမရှိသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့်စစ်ဆေးပြုပြင်ခြင်းများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခိုလမ်(ပြန်/ဆက်)**





## ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် သစ်ခွဲသားတန်ချိန် ၂၇၁ ဒသမ ၁၈၅ တန်ကို ကလေးမြို့မှတစ်ဆင့် ပို့ဆောင်နိုင်ရေးညှိနှိုင်းဆွေးနွေး

**ဟားခါး ဇွန် ၇**

ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သစ်ခွဲသားတန်ချိန် ၂၇၁ ဒသမ ၁၈၅ တန်အား စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှတစ်ဆင့် ချင်းပြည်နယ်သို့ ပို့ဆောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အွန်လိုင်းဖြင့်ပြုလုပ်ရာ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ ကော်မတီဒုတိယဥက္ကဋ္ဌ မြန်မာ့သစ်လုပ်ငန်း အထွေထွေမန်နေဂျာ၊ ကလေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ဖလမ်းမြို့အတွက် သစ်ခွဲသား တန် ၁၉၀၊ တီးတိန်မြို့အတွက် သစ်ခွဲသား တန် ၃၀၊ တွန်းဇံမြို့အတွက် သစ်ခွဲသား ၅၁ ဒသမ ၁၈၅ တန်တို့ကို ကလေးမြို့မှတစ်ဆင့် အဆင်ပြေချောမွေ့စွာ ပို့ဆောင်နိုင်ရေး အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ချမ်းမြသာစည်မြို့နယ်၌ ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့လုံခြုံရေးအတွက် မော်တော်ယာဉ်များစစ်ဆေး

**မန္တလေး ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ပြည်သူ့လုံခြုံရေးအတွက် မြို့တွင်းမော်တော်ယာဉ်များစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အောင်ပင်လယ်နယ်မြေရဲစခန်းအပိုင်တွင် ဆောင်ရွက်သည်။

စစ်ဆေးရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုသန်း ဦးဆောင်၍ နယ်မြေခံစခန်းမှူးနှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၈၉) ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းကာ အလေးပြု၍နှုတ်ခွန်းဆက်သခြင်း၊ ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံခြင်းများဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ပြီး ပြည်သူများကလည်း ရဲတပ်ဖွဲ့ဝင်များ၏ ရှာဖွေစစ်ဆေးခြင်းလုပ်ငန်းများကို ကြည်ဖြူစွာ ပူးပေါင်းပါဝင်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မက်မန်းမြို့နယ်၌ မြစိမ်းရောင်ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**မက်မန်း ဇွန် ၇**

ရှမ်းပြည်နယ် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မွေးမြူရေးကျေးရွာထူထောင်ရန်အတွက် မြစိမ်းရောင်ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မက်မန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်က အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြင့်မွန်က သတ်မှတ်အတိုး ၁ ရာခိုင်နှုန်း နှုန်းထားများကို သုံးလ တစ်ကြိမ် ပုံမှန်ပေးသွင်းသွားရန်နှင့် မွေးမြူထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများအကြောင်း ဆွေးနွေးဟောပြောပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်ပြည့်ပြည့်ဖြိုးက ဝက်မွေးမြူရေး နည်းစနစ်များအကြောင်း ဟောပြောဆွေးနွေးသည်။

ထို့နောက် မြစိမ်းရောင်(အသားငါးကဏ္ဍ) အရင်းမပျောက်ရန်ပုံငွေကျပ်သိန်း ၃၆၀ အား တာဝန်ရှိသူများက ဝမ်ပွေကျေးရွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများနှင့် ရှေးခေတ်ရေလမ်းကြောင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

**ပုဂံ ဇွန် ၇**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရှေးမူလက်ရာမပျက် ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေသည့် ဆင်ကအုတ်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး ထိန်းသိမ်းရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဖွင့်လှစ်ထားသော ပုဂံမြို့ဟောင်းရှိ Bagan Information and Training Center ၌ ခရီးသွားဧည့်သည်များအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် အဂ္ဂတော့ဂူဘုရားနှင့် ပေါင်းကူးကုန်းဘုရားများ၊



အနော်ရထာမင်းနှင့် ကျန်စစ်သားမင်းတို့၏ နန်းတော်ရာနေရာနှင့် ပုဂံရွှေနန်းတော်ကြီးကိုလည်းကောင်း၊ ပုတ္တလင်ဘုရားနှင့် သရဝတ်တံခါးအနီးရှိ ရေလမ်းကြောင်းအမှတ်(၁) တွင် ပါဝင်သော ပုဂံနန်းမြို့ရိုး အရှေ့ဘက်ကျုံးနေရာ အာနန္ဒာဂူဘုရားနှင့် ထီးလိုမင်းလိုဂူဘုရား ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ထားမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ဆွေးနွေးပြောကြား**

မွန်းလွဲပိုင်းတွင် Heritage Hotel ၌ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ပုဂံဇုန်)၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ပုဂံဇုန်)၊ ပုဂံဧည့်လမ်းညွှန်များအသင်း၊ မြန်မာနိုင်ငံခရီးသွားသယ်ယူပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း (ပုဂံဇုန်)၊ Bagan Plastic Campaign အဖွဲ့၊ နိုင်ငံပိုင်ဟိုတယ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပုဂံဒေသတွင် ယဉ်ကျေးမှုကိုအခြေခံသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသူများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ကာ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**မကွေး ဇွန် ၇**

ပြည်သူ့စစ်မှုထမ်း အပတ်စဉ် (၁) နှင့် (၂)တို့တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး နေရပ်သို့ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခြင်းအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ နယ်မြေခံတပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ နေရပ်ပြန်ပြည်သူ့စစ်မှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ပြည်သူ့စစ်မှုထမ်း အပတ်စဉ် (၁)နှင့် (၂) တို့တွင် မကွေးတိုင်းဒေသကြီးမှ တာဝန်ထမ်းဆောင်ခဲ့ကြသူ ၃၁၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့ကာ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## မွေးမြူရေးတောင်သူများအား ပံ့ပိုးပေးလျက်ရှိသည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇွန် ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲထွန်းဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စုရှိ မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံ၍ ဝန်ကြီးဌာနမှ မွေးမြူရေးတောင်သူများအား ပံ့ပိုးပေးလျက်ရှိသည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုအပေါ် ရှင်းနီးပွင့်လင်းစွာ ပြန်လည်ရှင်းလင်းဖြေကြားသည်။

အလားတူ တောင်ညိုကျေးရွာအုပ်စုနှင့် သရက်တောကျေးရွာအုပ်စုတို့သို့ သွားရောက်၍ တိရစ္ဆာန်ကောင်ရေ တိုးတက်မွေးမြူရေး၊ တိရစ္ဆာန်အစာပင်စိုက်ပျိုး ကျွေးမွေးရေးနှင့် မွေးမြူရေးစားကျက် ဖော်ထုတ်နိုင်မည့်အစီအစဉ်များ၊ မွေးမြူရေးလုပ်ငန်းတွင် ကြုံတွေ့ရသည့် အခက်အခဲများအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ကျိုက်လတ်မြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကျိုက်လတ် ဇွန် ၇**

ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက လှိုင်းတာခေတ်မီ စံပြကျေးရွာ၌ ကျင်းပသည်။



အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက မန်ကျည်းပင် ... 

**မြို့နယ်(ပြန်/ဆက်)**

## ထရန်စဖော်မာများ ကြံ့ခိုင်ကောင်းမွန်စေရေး ထိန်းသိမ်းဆောင်ရွက်

**ရန်ကုန် ဇွန် ၇**

ရွှေပြည်သာ မြို့နယ်အတွင်း အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ စဉ်ဆက်မပြတ် ဓာတ်အားပေးနိုင်ရေး၊ ထရန်စဖော်မာများ ချို့ယွင်းလောင်ကျွမ်းမှုမဖြစ်စေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းကျဆင်းရေးတို့အတွက် ထရန်စဖော်မာများ စစ်ဆေးပြုပြင်ထိန်းသိမ်းခြင်း၊ ထရန်စဖော်မာ ဝင်းခြံအတွင်း အပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ခြံစည်းရိုးများ ပြုပြင်ခြင်းလုပ်ငန်းများကို ဇွန် ၆ ရက်က အုပ်စုအလှည့်ကျဓာတ်အားပိတ်ချိန်တို့တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ရွှေပြည်သာ မြို့နယ် လျှပ်စစ်မန်နေဂျာနှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာတို့က အနီးကပ်ကြီးကြပ်၍ ဝန်ထမ်းအင်အား ၂၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်(YESC)**



**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ချစ်ကြည်ရေးသစ်ပင် အစဉ်အမြဲစိမ်းလန်းဝေဖြာ ပြည်သူများ စိတ်နှလုံးချင်း ဆက်နွှယ်မှုပေါင်းကူးတံတား ထာဝရ တည်တံ့ခိုင်မြဲ

## မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျား

ဇွန်လ ၈ ရက်နေ့တွင် တရုတ်-မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၆)နှစ်ပြည့်မြောက်ပြီဖြစ်သည်။ (၇၆) နှစ်တာကာလအတွင်း တရုတ်-မြန်မာ နှစ်နိုင်ငံသည် အပြန်အလှန်လေးစားခြင်း၊ တန်းတူရည်တူဆက်ဆံခြင်းနှင့် နှစ်ဦးနှစ်ဖက် အပြန်အလှန် အကျိုးဖြစ်ထွန်းစေခြင်းတို့ကို အစဉ်အမြဲ ဦးလည်မသုန် ရပ်တည်ခဲ့ကြပြီး နှစ်ပေါင်းထောင်ချီ သမိုင်းကြောင်းရှိခဲ့သည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးသည်လည်း အချိန်ကာလ၏ စမ်းသပ်မှုများကြားတွင် ပိုမိုနက်ရှိုင်းခိုင်မာလာခဲ့ပါသည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကို အတူတကွ အဆိုပြုကျင့်သုံးခဲ့ရာမှသည် တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းကို လက်တွဲတည်ဆောက်သည်အထိ နှစ်နိုင်ငံဆက်ဆံရေးသည် သစ်လွင်သောရှင်သန်မှုတွန်းအားများနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

**နှစ်နိုင်ငံ ပြည်သူချင်းကူးလူးဆက်ဆံမှု**

တရုတ်-မြန်မာ နှစ်နိုင်ငံသည် ရေမြေတောတောင်ချင်း ထိစပ်နေပြီး သွေးသားရင်းချာကဲ့သို့ ရင်းနှီးကာ ယဉ်ကျေးမှုချင်းလည်း ပေါင်းစပ်လျက်ရှိပါသည်။ နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဆက်ဆံမှုကို ဘီစီ (၄) ရာစုအထိ နောက်ကြောင်းပြန်ခြေရာခံနိုင်ပြီး ကျွန်မတို့၏ဘိုးဘွားများသည် တောင်ဘက်ပိုးလမ်းမကြီးမှတစ်ဆင့် ကုန်သွယ်မှုများနှင့် ယဉ်ကျေးမှုဖလှယ်ရေးများ လုပ်ဆောင်ခဲ့ကြသည်။ မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာ၊ ကျောက်စိမ်း၊ မဟူရာနှင့် ပယင်းတို့သည် တရုတ်ကုန်သည်များ အထူးနှစ်သက်သဘောကျသည့် ကုန်ပစ္စည်းများဖြစ်လာခဲ့ပြီး နှစ်နိုင်ငံ ပြည်သူချင်း ကူးလူးဆက်ဆံမှုမှာ ပိုမိုနက်ရှိုင်း၍ သက်ဝင်လှုပ်ရှားလာခဲ့သည်။ မြန်မာနိုင်ငံသည် ကွဲပြားခြားနားသော လူမှုစနစ်ရှိသည့် နိုင်ငံများအနက် တရုတ်နိုင်ငံသစ်ကို ပထမဆုံး အသိအမှတ်ပြုခဲ့သည့်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံမှ ရှေးယခင်ခေါင်းဆောင်များသည် ဆွေမျိုးများကဲ့သို့ စိတ်ရင်းဖြင့် အပြန်အလှန် မကြာခဏလည်ပတ်ခဲ့ကြရာ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်း၏ မြန်မာနိုင်ငံသို့ (၉)ကြိမ်တိုင်တိုင် လာရောက်လည်ပတ်မှုနှင့် မြန်မာဝန်ကြီးချုပ် ဦးနေဝင်း၏ တရုတ်နိုင်ငံသို့ (၁၂)ကြိမ်တိုင်တိုင် သွားရောက်လည်ပတ်မှုတို့သည် နှစ်နိုင်ငံပြည်သူများအကြား ယနေ့တိုင် ဂုဏ်သတင်းပျံ့နှံ့လျက် ပြောစမှတ်ပြုနေဆဲဖြစ်ပါသည်။

မကြာသေးမီနှစ်များအတွင်းကစ၍ မြန်မာကျောင်းသား၊ အနုပညာရှင်၊ အားကစားသမားနှင့် မီဒီယာသတင်းထောက်များ ပိုမိုများပြားစွာ တရုတ်နိုင်ငံသို့ သွားရောက်ဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံချစ်ကြည်ရေးကို ဆက်လက်သီကုံးခဲ့ကြသည်။ မြန်မာနိုင်ငံသည် မိမိကိုယ်တိုင် ပြင်းထန်သော နာဂစ်မုန်တိုင်းဒဏ် ခံစားခဲ့ရသည့် အခြေအနေတွင်ပင် တရုတ်နိုင်ငံ ဝမ်ချွမ်းငလျင်ဘေးသင့်ဒေသသို့ အလှူငွေများ ပံ့ပိုးကူညီခဲ့ပြီး နှစ်နိုင်ငံစလုံးသည် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် မန္တလေးငလျင်ကြီး၏ ဘေးအန္တရာယ်များကို လက်တွဲရင်ဆိုင်ကျော်လွှားကာ ဒုက္ခသုခအတူမျှဝေပြီး အပြန်အလှန် စောင့်ရှောက်ကူညီကြသည့် လက်တွေ့လုပ်ဆောင်ချက်များဖြင့် သက်သေပြခဲ့ကြသည်။ တရုတ်-မြန်မာ လူမှုအဖွဲ့အစည်းကဏ္ဍစုံ၏ တက်ကြွစွာပါဝင်ပံ့ပိုးမှုအောက်တွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးသည် ယမန်နှစ်က “ပေါက်ဖော်နှလုံးသားထဲမှစကားသံများ--- တရုတ်-မြန်မာသံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်မြောက်အထိမ်းအမှတ် ဓာတ်လမ်းပုံပြင်များစုစည်းမှု” စာအုပ်ကို ထုတ်ဝေခဲ့ပြီး နှစ်နိုင်ငံပြည်သူများ ရှည်လျားလှသည့် အချိန်ကာလအတွင်း အပြန်အလှန်နားလည်၊ ချစ်ခင်ရင်းနှီးပြီး ပေါင်းစပ်ခဲ့ကြသည့် စိတ်လှုပ်ရှားဖွယ်ဓာတ်လမ်းများကို မှတ်တမ်းတင်ထားခဲ့သည်။ သံတမန် ဆက်ဆံရေးထူထောင်ခြင်း (၇၆)နှစ်မြောက်သည့်အခါသမယတွင် ကျွန်မတို့သည် တရုတ်-မြန်မာ ချစ်ကြည်ရေးပုံပြင်များကို ပိုမိုရေးသားနိုင်မည်ဟု အပြည့်အဝယုံကြည်မှုရှိပါသည်။

**နိုင်ငံတော်ပုံရိပ်**

နိုင်ငံအချင်းချင်းဆက်ဆံရာတွင် ပြည်သူချင်းချစ်ခင်ရင်းနှီးမှုသည် အရေးကြီးပြီး ပြည်သူချင်းချစ်ခင်ရင်းနှီးရန်အတွက် စိတ်ချင်းဆက်နွှယ်မှုရှိရန်လိုအပ်ပါသည်။ အထင်အမြင်လွဲမှားမှုများကို ပယ်ဖျက်ရန်၊ အပြန်အလှန် နားလည်အသိအမှတ်ပြုမှုကိုမြှင့်တင်ရန်နှင့် ပြည်သူချင်း စိတ်ချင်းဆက်နွှယ်မှု ပေါင်းကူးတံတားကို တည်ဆောက်ရန်အတွက် ဦးစွာပထမ အချင်းချင်း၏ ပကတိအမှန်တကယ်ရှိသော နိုင်ငံတော်ပုံရိပ်ကို တိကျစွာ သိမြင်နားလည်ထားရန် လိုအပ်ပါသည်။

ယနေ့ခေတ် တရုတ်နိုင်ငံသည် တရားမျှတမှုရှိပြီး တာဝန်ယူမှုရှိသော တရုတ်နိုင်ငံဖြစ်ပါသည်။ တရုတ်နိုင်ငံ သမ္မတရှီကျင့်ဖျင်သည် လူသားမျိုးနွယ်အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေး၊ “Belt and Road” ကို အတူတကွ တည်ဆောက်ရေးနှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုအစီအမံ စသည့်အရေးပါသော အယူအဆနှင့် အဆိုပြုချက်များကို တင်ပြခဲ့ပြီး လူသားမျိုးနွယ် ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို တုံ့ပြန်ရန်နှင့် လှပသောကမ္ဘာကြီးကို တည်ဆောက်ရန်အတွက် တရုတ်နိုင်ငံ၏ ဉာဏ်ပညာနှင့် တရုတ်နိုင်ငံ၏ အစီအမံများကို ပံ့ပိုးပေးခဲ့ရာ နိုင်ငံတကာလူ့အဖွဲ့အစည်း၏ ကြိုဆိုထောက်ခံမှုကို ပိုမိုရရှိလာခဲ့သည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ရေးရာကိစ္စရပ်များတွင် အပြုသဘောဆောင်သော အခန်းကဏ္ဍမှ ပါဝင်နေပြီး တရုတ်ဝိသေသထူးခြားချက်ပါရှိသော ပြဿနာဖြေရှင်းရေးလမ်းစဉ်ကို တက်ကြွစွာ ကျင့်သုံးလျက်ရှိကာ ငြိမ်းချမ်းရေးဆွေးနွေးမှုများကို တွန်းအားပေးခြင်းဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် သဘောထားကွဲလွဲမှုများကို ဖြေရှင်းနိုင်ရန် ဖော်ဆောင်ပေးလျက်ရှိသည်။ တရုတ်သမ္မတရှီကျင့်ဖျင်သည် မကြာသေးမီက အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ထိန်းသိမ်းမြှင့်တင်ရန်အတွက် မူဝါဒအချက် (၄)ချက်ကို တင်ပြခဲ့ရာ ၎င်းတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကိုကိုင်စွဲခြင်း၊ နိုင်ငံတော်အချုပ်အခြာအာဏာမူကိုကိုင်စွဲခြင်း၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးမူကို ကိုင်စွဲခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးကို ဟန်ချက်ညီညီ ဖော်ဆောင်ခြင်းတို့ ပါဝင်သည်။ အဆိုပါအချက် (၄)ချက်သည် အရှေ့အလယ်ပိုင်းဒေသ ပြည်သူများ၏ အခြေခံအကျိုးစီးပွားအပေါ် အခြေခံထားပြီး လက်တွေ့ကျကာ တရားမျှတမှုရှိသောကြောင့် ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးတို့အတွက် အပြုသဘောဆောင်သော အင်အားစုများကို ဖြည့်ဆည်းပေးနေသည်ဟု နိုင်ငံတကာလူ့အဖွဲ့အစည်းက ယူဆကြသည်။

> **တရုတ်နိုင်ငံသည် နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် တံခါးဖွင့်မဟာဗျူဟာကို အမြဲကျင့်သုံးလျက်ရှိပြီး ကိုယ်ပိုင်တံခါးဖွင့်လှစ်မှုနှင့် နှစ်ဖက်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးကို တက်ကြွစွာတိုးချဲ့လျက်ရှိသည်။ တရုတ်နိုင်ငံ၏ ကုန်စည်ကုန်သွယ်မှုပမာဏသည် ကိုးနှစ်ဆက်တိုက် ကမ္ဘာ့ပထမနေရာတွင် ရပ်တည်နေပြီး နိုင်ငံတော်အဆင့် အပြည်ပြည်ဆိုင်ရာ သွင်းကုန် ကုန်စည်ပြပွဲ (CIIE)ကို တစ်နိုင်ငံတည်းကျင်းပသည့် တစ်ခုတည်းသောနိုင်ငံဖြစ်ပါသည်။ ယခုနှစ် မေလ ၁ ရက်နေ့မှစ၍ တရုတ်နိုင်ငံသည် မိမိနှင့် သံတမန်ဆက်ဆံရေးရှိသည့် အာဖရိကတိုက်ရှိ ၅၃ နိုင်ငံအပေါ် အကောက်ခွန်ကင်းလွတ်ခွင့် (Zero Tariff) မူဝါဒကို ဘက်စုံစတင်ကျင့်သုံးခဲ့ပြီးဖြစ်ကာ ၎င်းမတိုင်မီ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအချို့အပေါ် အကောက်ခွန်ကင်းလွတ်ခွင့်မူဝါဒကို ကျင့်သုံးခဲ့ပြီးဖြစ်**

**တရုတ်နိုင်ငံ၏သမိုင်းကြောင်းနှင့် လက်ရှိအခြေအနေများ**

ယနေ့ခေတ်တရုတ်နိုင်ငံသည် အရောင်အသွေးစုံလင်ပြီး စွဲမက်ဖွယ်ကောင်းသော တရုတ်နိုင်ငံဖြစ်ပါသည်။ ပေကျင်းအော်ပရာ၊ လက်ရေးလှစာရေးနည်း၊ ဝူရှူးသိုင်းပညာ၊ တရုတ်တိုင်းရင်းဆေးပညာနှင့် လက်ဖက်ရည်အနုပညာ စသည့်ရိုးရာယဉ်ကျေးမှုများသည် ခေတ်သစ်ကာလတွင် သစ်လွင်သော ရှင်သန်မှုများကိုရရှိနေပြီး အွန်လိုင်းစာပေ၊ အွန်လိုင်းဂိမ်းနှင့် အွန်လိုင်းရုပ်ရှင်ဇာတ်လမ်းတွဲများကဲ့သို့သော ယဉ်ကျေးမှုဆိုင်ရာ “ပစ္စည်းသစ်သုံးမျိုး”သည် ပြည်ပမှအသုံးပြုသူများ နှစ်သက်သဘောကျမည့်ပုံစံများဖြင့် တရုတ်နိုင်ငံ၏သမိုင်းကြောင်းနှင့် လက်ရှိအခြေအနေများကို ကောင်းမွန်စွာ ဖော်ပြလျက်ရှိသည်။ ကာတွန်းအန်နီမေးရှင်းရုပ်ရှင်ဖြစ်သည့် ≪Nezha≫ နှင့် 3A ဂိမ်းအကြီးစားဖြစ်သည့် ≪Black Myth: Wukong≫ တို့သည် ကမ္ဘာတစ်ဝန်းတွင် တရုတ်ဒဏ္ဍာရီလှိုင်းလုံးများကို ဖြစ်ပေါ်စေခဲ့ပြီး Labubu နှင့် Starman ကဲ့သို့သော ခေတ်ပေါ်အရုပ်ဒီဇိုင်းဆန်းများအပြင် TikTok နှင့် RedNote စသည့် လူမှုကွန်ရက်ပလက်ဖောင်းများသည်လည်း ပြည်ပနိုင်ငံများတွင် မကြုံစဖူး အရှိန်အဟုန်ဖြင့် ခေတ်စားလာခဲ့သည်။ တရုတ်ယဉ်ကျေးမှုသည် ပိုမိုခေတ်မီဆန်းသစ်ပြီး ကဏ္ဍစုံလွှမ်းခြုံကာ တည်ငြိမ်ရင့်ကျက်သောဟန်ပန်ဖြင့် ကမ္ဘာ့စင်မြင့်ထံသို့ လှမ်းချီနေပြီဖြစ်ပါသည်။

ယနေ့ခေတ် တရုတ်နိုင်ငံသည် တီထွင်ဆန်းသစ်မှုဖြင့် ရှေ့ဆောင်မောင်းနှင်နေသော တရုတ်နိုင်ငံဖြစ်ပါသည်။ စွမ်းအင်သစ်မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် ရောင်းချမှုပမာဏသည် အစီးရေ ၁၆ သန်းကို ကျော်လွန်ခဲ့သည်။ ဆိုလာပြားများ ထုတ်လုပ်မှုမှာလည်း (၁၀) နှစ်ဆက်တိုက် ကမ္ဘာ့ပထမနေရာတွင် ရပ်တည်နေပြီး ကမ္ဘာလုံးဆိုင်ရာ လေစွမ်းအင်သုံးစက်ပစ္စည်းများ၏ ၇၀ ရာခိုင်နှုန်းနှင့် ဆိုလာပြားများ၏ ၈၀ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိသည်။ အမှိုက်မီးရှို့ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် နည်းပညာသည်လည်း ကမ္ဘာ့ရှေ့ဆောင်နေရာတွင်ရှိနေပြီး မြို့ကြီးများကို ဒုက္ခပေးနေသည့် အမှိုက်မြေမြှုပ်ခြင်းပြဿနာကို လုံးဝဖြေရှင်းနိုင်ခဲ့ပြီဖြစ်သည်။

ဒရုန်းများဖြင့် ပါဆယ်နှင့် အစားအစာများ ပို့ဆောင်ခြင်းသည် သိပ္ပံစိတ်ကူးယဉ်ဇာတ်လမ်းများထဲမှ လက်တွေ့ဘဝသို့ ရောက်ရှိလာခဲ့ပြီး Deep Seek, Qwen နှင့် GLM-5 ကဲ့သို့သော ဉာဏ်ရည်တု (AI) မော်ဒယ်များသည် နိုင်ငံအသီးသီးမှ Developer များ၏ အားပေးထောက်ခံမှုကို ရရှိနေကြသည်။ လူသားပုံစံစက်ရုပ်များသည်လည်း နှစ်အနည်းငယ်အတွင်း လမ်းစလျှောက်ရုံအဆင့်မှ သွက်လက်စွာ ပြေးလွှားနိုင်သည့်အဆင့်နှင့် ကွန်ဖူးသိုင်းပညာရှင်အဆင့်အထိ တိုးတက်ပြောင်းလဲလာခဲ့သည်။ Intelligent Manufacturing in China သည် ပိုမိုဉာဏ်ရည်ထက်မြက်ပြီး မိမိကိုယ်ကို ယုံကြည်မှုရှိကာ ရင့်ကျက်သောဟန်ပန်ဖြင့် ကမ္ဘာ့စင်မြင့်ထံသို့ လှမ်းချီနေပြီဖြစ်ပါသည်။

**နိုင်ငံတော်အဆင့် အပြည်ပြည်ဆိုင်ရာသွင်းကုန် ကုန်စည်ပြပွဲ (CIIE)ကို တစ်နိုင်ငံတည်းကျင်းပ**

ယနေ့ခေတ်တရုတ်နိုင်ငံသည် ပွင့်လင်းမြင်သာပြီး တံခါးဖွင့်လှစ်၍ အားလုံးပါဝင်နိုင်သော တရုတ်နိုင်ငံဖြစ်ပါသည်။ တရုတ်နိုင်ငံသည် နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် တံခါးဖွင့်မဟာဗျူဟာကို အမြဲကျင့်သုံးလျက်ရှိပြီး ကိုယ်ပိုင်တံခါးဖွင့်လှစ်မှုနှင့် နှစ်ဖက်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးကို တက်ကြွစွာတိုးချဲ့လျက်ရှိသည်။ တရုတ်နိုင်ငံ၏ ကုန်စည်ကုန်သွယ်မှုပမာဏသည် ကိုးနှစ်ဆက်တိုက် ကမ္ဘာ့ပထမနေရာတွင် ရပ်တည်နေပြီး နိုင်ငံတော်အဆင့် အပြည်ပြည်ဆိုင်ရာသွင်းကုန် ကုန်စည်ပြပွဲ (CIIE) ကို တစ်နိုင်ငံတည်းကျင်းပသည့် တစ်ခုတည်းသောနိုင်ငံဖြစ်ပါသည်။ ယခုနှစ် မေလ ၁ ရက်နေ့မှစ၍ တရုတ်နိုင်ငံသည် မိမိနှင့် သံတမန်ဆက်ဆံရေးရှိသည့် အာဖရိကတိုက်ရှိ ၅၃ နိုင်ငံအပေါ် အကောက်ခွန်ကင်းလွတ်ခွင့် (Zero Tariff) မူဝါဒကို ဘက်စုံစတင်ကျင့်သုံးခဲ့ပြီးဖြစ်ကာ ၎င်းမတိုင်မီ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအချို့အပေါ် အကောက်ခွန်ကင်းလွတ်ခွင့်မူဝါဒကို ကျင့်သုံးခဲ့ပြီးဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ❑

❑ စာမျက်နှာ ၆ မှ

တရုတ်နိုင်ငံသည် နိုင်ငံပေါင်း ၇၅ နိုင်ငံအပေါ် တစ်ဖက်သတ်ဗီဇာကင်းလွတ်ခွင့် သို့မဟုတ် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်များကို ကျင့်သုံးခဲ့ပြီး မဲခေါင်နိုင်ငံ ငါးနိုင်ငံအတွက်လည်း "လန်ချန်း-မဲခေါင်ဗီဇာ"ကို ထုတ်ပေးခဲ့ရာ ၂၀၂၅ ခုနှစ်တွင် ပြည်ပနိုင်ငံသား ဝင်ထွက်သွားလာမှုသည် လူဦးရေ ၈၂ ဒသမ ၀၃၅ သန်းအထိ ရောက်ရှိခဲ့ပြီး ယမန်နှစ်ကာလတူထက် ၂၆ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။ တရုတ်နိုင်ငံသည် ပိုမိုပွင့်လင်းမြင်သာပြီး နွေးထွေးပျူငှာကာ ချစ်ကြည်ရင်းနှီးသောဟန်ပန်ဖြင့် အရပ်မျက်နှာအသီးသီးမှ ဧည့်သည်တော်များကို ကြိုဆိုလျက်ရှိပါသည်။

သတင်းစကားဆိုသည်မှာ ကြားရုံနှင့်မပြီးဘဲ မျက်မြင်ကိုယ်တွေ့ကြုံမှသာ အမှန်တကယ်ဖြစ်ပါသည်။ မြန်မာမိတ်ဆွေများ တရုတ်နိုင်ငံသို့လာရောက်လည်ပတ်ကြရန်၊ တရုတ်နိုင်ငံ၏ သဘာဝအလှတရား၊ ယဉ်ကျေးမှုအလှတရားနှင့် ဖွံ့ဖြိုးတိုးတက်မှုအလှတရားများကို ကိုယ်တိုင်ကိုယ်ကျခံစားကြည့်ရှုကြရန်၊ စစ်မှန်ပြီး ဘက်စုံလွှမ်းခြုံထားသော တရုတ်နိုင်ငံ၏ပုံရိပ်ကို ကိုယ်တိုင်ကိုယ်ကျ လက်ဆင့်ကမ်းမျှဝေပေးကြရန်နှင့် တရုတ်-မြန်မာချစ်ကြည်ရေး ပိုမိုနက်ရှိုင်းစေရန်အတွက် ပံ့ပိုးကူညီပေးကြရန် လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်အပ်ပါသည်။

ကျွန်မနှင့် တရုတ်သံရုံးမှ လုပ်ဖော်ကိုင်ဖက်များသည် မိမိတို့၏ ကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများကို တိုးမြှင့်ရန်အတွက် ခိုင်မာသောအခြေခံအုတ်မြစ်များကို ချမှတ်ကာ ပိုမိုများပြားသော ဘုံသဘောတရားများကို စုစည်းနိုင်ရန် မျှော်လင့်ပါသည်။ တရုတ်-မြန်မာပြည်သူချင်း စိတ်ချင်းဆက်နွယ်မှုကို ပိုမိုကောင်းမွန်စွာ မြှင့်တင်ရန်အတွက် ကျွန်မတို့သည် မြန်မာမိတ်ဆွေများနှင့်အတူ အောက်ပါကဏ္ဍ လေးခုတွင် ပိုမိုကြိုးပမ်းဆောင်ရွက်သွားရန် ဆန္ဒရှိပါသည်။

ပထမအချက်မှာ ပွင့်လင်းမြင်သာပြီး တံခါးဖွင့်လှစ်၍ အားလုံးပါဝင်နိုင်သော စိတ်နေသဘောထားဖြင့် အချင်းချင်း ရှုမြင်ကြရန်ဖြစ်ပါသည်။ ယဉ်ကျေးမှုများသည် ကူးလူးဖလှယ်မှုများကြောင့် အရောင်အသွေးစုံလင်လာပြီး အပြန်အလှန်လေ့လာသင်ယူမှုများကြောင့် ကြွယ်ဝလာကာ အပြန်အလှန်ဆက်သွယ်ပြောဆို နားလည်ခြင်းဖြင့် ကွဲပြားမှုများရှိသော်လည်း သဟဇာတဖြစ်မှုကို ဖော်ဆောင်နိုင်ကာ ချစ်ကြည်ရေးကို တိုးမြှင့်နိုင်မည်ဖြစ်သည်။ ကျွန်မတို့သည် နှစ်နိုင်ငံ ပြည်သူချင်းကူးလူးဆက်ဆံမှု၏ ကျယ်ပြန့်မှုနှင့် နက်ရှိုင်းမှုကိုတိုးချဲ့ရန် ကြိုးပမ်းသွားရမည်ဖြစ်ပြီး အရပ်ဘက်အဖွဲ့အစည်းများ၊ ပညာရေးအဖွဲ့အစည်းများနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများအကြား ပုံမှန်အပြန်အလှန်လည်ပတ်မှုများကို အားပေးမြှင့်တင်ကာ နှစ်နိုင်ငံလူငယ်များအကြား ဘာသာစကားသင်ယူခြင်း၊ လေ့လာရေးခရီးစဉ်များသွားခြင်း၊ အားကစားပြိုင်ပွဲများကျင်းပခြင်းနှင့် အနုပညာဖလှယ်ခြင်း စသည့်နည်းလမ်းများဖြင့် အချင်းချင်း၏ လူနေမှုဘဝထဲသို့ဝင်ရောက်နိုင်ရန် ပံ့ပိုးပေးရမည်ဖြစ်ပြီး တန်းတူညီမျှခြင်း၊ အပြန်အလှန်လေ့လာသင်ယူခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းနှင့် အားလုံးပါဝင်နိုင်ခြင်းဟူသော ယဉ်ကျေးမှုအမြင်ဖြင့် ကူးလူးဖလှယ်ဆွေးနွေးမှုများကို ဖော်ဆောင်ကာ နှစ်နိုင်ငံပြည်သူများ၏ အသိအမှတ်ပြုမှုကို နက်ရှိုင်းစေပြီး နိုင်ငံရေးအရ အပြန်အလှန်ယုံကြည်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် လူမှုရေး အခြေခံအုတ်မြစ်ကို ခိုင်မာအောင် တည်ဆောက်ရပါမည်။

**စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံဖလှယ်မှုများ**

ဒုတိယအချက်မှာ အပြန်အလှန် ဖေးမကူညီကြသည့်စိတ်ဓာတ်ဖြင့် အချင်းချင်းပံ့ပိုးပေးကြရန်ဖြစ်ပါသည်။ နိုင်ငံတကာအခြေအနေများသည် ပိုမိုရှုပ်ထွေးလာလေ၊ ကျွန်မတို့သည် တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေးဟူသော အခြေခံဦးတည်ချက်ကို ပိုမိုကိုင်စွဲထားရမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ချစ်ခင်ရင်းနှီးခြင်း၊ ရိုးသားစွာဆက်ဆံခြင်း၊ အပြန်အလှန်အကျိုးဖြစ်ထွန်းခြင်း၊ အားလုံးပါဝင်ခြင်းဟူသော အိမ်နီးချင်းသံတမန်ရေးရာမူဝါဒကို အမြဲကိုင်စွဲထားမည်ဖြစ်ပြီး တရုတ်နိုင်ငံ၏မြန်မာနိုင်ငံအပေါ်ထားရှိသော ချစ်ကြည်ရေးမူဝါဒသည် မြန်မာပြည်သူအားလုံးအတွက်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းပြီး အေးချမ်းသာယာသော လှပသည့်အိမ်ဂေဟာ တည်ဆောက်ရေးအတွက် အမြဲပံ့ပိုးကူညီသွားမည်ဖြစ်သည်။ ကျွန်မတို့သည် နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံမှုအရှိန်အဟုန်ကို ထိန်းသိမ်းထားရမည်ဖြစ်ပြီး နိုင်ငံတော်စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံဖလှယ်မှုများကို နက်ရှိုင်းစေကာ အချင်းချင်း၏ အဓိကအကျိုးစီးပွားနှင့် ကြီးမားသော စိုးရိမ်ပူပန်မှုရှိသည့်ကိစ္စရပ်များတွင် အပြန်အလှန်နားလည်ပံ့ပိုးပေးကြပြီး နှစ်နိုင်ငံပြည်သူများ၏ သံယောဇဉ်နှောင်ကြိုးကို စဉ်ဆက်မပြတ် ပိုမိုတင်းကျပ်လာအောင် လုပ်ဆောင်ရပါမည်။

**ပြည်သူ့အကျိုးပြုစီမံကိန်းများ**

တတိယအချက်မှာ ပူးပေါင်းဆောင်ရွက်ပြီး နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် အယူအဆဖြင့် အချင်းချင်း အကျိုးပြုသွားရန်ဖြစ်ပါသည်။ "Belt and Road" နှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်ရေးသည် မြန်မာနိုင်ငံ၏မတည်ရင်းနှီးငွေ၊ လူသားအရင်းအမြစ်နှင့် နည်းပညာ စသည့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကန့်အသတ်များကို ထိရောက်စွာ ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်ပြီး "သွေးသွင်းခြင်း"ပုံစံ အကူအညီပေးခြင်းမှသည် "သွေးခဲကိုယ်တိုင်ထုတ်လုပ်နိုင်ခြင်း"ပုံစံ ဖွံ့ဖြိုးတိုးတက်မှုဆီသို့ကူးပြောင်းကာ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၏ ကိုယ်ပိုင်မောင်းနှင်အားနှင့် ကိုယ်ထူကိုယ်ထ စွမ်းရည်ကို စဉ်ဆက်မပြတ် မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ကျွန်မတို့သည် ငလျင်အလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အဓိကထားပြီး အပြန်အလှန်ပေါင်းစည်းဆက်နွယ်မှု၊ လျှပ်စစ်ဓာတ်အား၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အသွင်သစ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို အားကောင်းအောင် ဆောင်ရွက်ရပါမည်။ ကျွန်မတို့သည် ပြည်သူ့အကျိုးပြုစီမံကိန်းများကို ပိုမိုအကောင်အထည်ဖော်ပြီး ဆောင်ရွက်သွားရမည်ဖြစ်ပြီး တရုတ်-မြန်မာ နှစ်ဦးနှစ်ဖက်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ပြည်သူများအတွက် အကျိုးကျေးဇူးများကို ပိုမိုဖော်ဆောင်ပေးရပါမည်။

စတုတ္ထအချက်မှာ ဘုံလုံခြုံရေးမူကို အခြေခံပြီး အချင်းချင်း ကူညီပံ့ပိုးပေးကြရန်ဖြစ်ပါသည်။ လုံခြုံရေးသည် နိုင်ငံအသီးသီး ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်သည်။ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုစသည့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများသည် နိုင်ငံအသီးသီးရှိပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကို ထိခိုက်စေပြီး လူမှုတည်ငြိမ်ရေးနှင့် နိုင်ငံတော်ပုံရိပ်ကိုလည်း သက်ရောက်မှုရှိစေကာ နိုင်ငံတစ်နိုင်ငံတည်း၏ အင်အားဖြင့် ထိရောက်စွာတုံ့ပြန်ရန် ခက်ခဲလှပါသည်။ ကျွန်မတို့သည် နှစ်ဖက် သို့မဟုတ် ဘက်စုံ ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ လုပ်ဆောင်ရမည်ဖြစ်ပြီး ပူးတွဲနှိမ်နင်းတိုက်ဖျက်မှု အရှိန်အဟုန်ကို မြှင့်တင်ကာ "ဘေးကင်းလုံခြုံသော လန်ချန်း-မဲခေါင်လှုပ်ရှားမှု"ကို အရှိန်မြှင့်တွန်းအားပေးပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးနှင့် ဒေသတွင်းနိုင်ငံများအကြား ကူးလူးဆက်ဆံမှုပူးပေါင်းဆောင်ရွက်ရေး စနစ်တကျရှိမှုကို အတူတကွ ထိန်းသိမ်းစောင့်ရှောက်ရပါမည်။

(၇၆) နှစ်တာကာလအတွင်း အေးအတူပူအမျှ လက်တွဲလျှောက်လှမ်းခဲ့ကြပြီး နှစ်နိုင်ငံပြည်သူများ၏ နက်ရှိုင်းလှသော ချစ်ကြည်ရေးသည် တရုတ်-မြန်မာ ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု၏ အင်အားအရင်းအမြစ်ဖြစ်ပါသည်။ ကျွန်မတို့သည် မျိုးဆက်သစ်များထံသို့ ချစ်ကြည်ရေးလက်ဆင့်ကမ်းခြင်းကိုအခြေခံပြီး အရည်အသွေးမြင့်မားသော ပြည်သူချင်း စိတ်ချင်းဆက်နွယ်မှုကို တွန်းအားပေးကာ ခေတ်ကာလအသစ်တွင် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး၏ စာမျက်နှာသစ်ကို ရေးဖွဲ့သီကုံးကာ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း၏ စွဲမက်ဖွယ်ကောင်းသောအနာဂတ်ကို အတူတကွ ဖန်တီးပုံဖော်လိုက်ကြပါစို့။ ။

ဆောင်းပါးတွင် ဖော်ပြထားသည်များမှာ စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။



## ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး ဇွန် ၇**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်များအလိုက် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**အနိုင်ရဗိုလ်စွဲ**

ဗိုလ်လုပွဲစဉ်အဖြစ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းနှင့် တောင်ကြီးခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ကြီးခရိုင်အသင်းက အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် တာဝန်ရှိသူများက နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိကြသူများ၊ ပူးတွဲတတိယဆုရရှိသော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအသင်း၊ ပူးတွဲတတိယဆုရလွိုင်လင်အသင်း၊ ဒုတိယဆုရရှိသော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအသင်းနှင့် ပထမဆုရရှိသော တောင်ကြီးခရိုင်အသင်းတို့အား တံခွန်စိုက်ဒိုင်းဆု၊ တစ်ဦးချင်ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## နောင်ချိုမြို့နယ်၌ နိုင်ငံသားစိစစ်ဆေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**နောင်ချို ဇွန် ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပြုလုပ်ပေးခြင်းကို ယမန်နေ့က အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိဦးနေလင်းအေးနှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များကို ပြုလုပ်ပေးခဲ့သည်။

အဆိုပါ ဆောင်ရွက်ပေးရာသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဝင်းမင်းလတ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**သာစည်မြို့နယ် မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက အမှတ်(၂)ရပ်ကွက်ရှိ တည်းခိုရိပ်သာများ၊ ဟိုတယ်များ မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်း၊ အသိပညာပေးခြင်းများကို ဇွန် ၅ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ကြစဉ်။**

မြို့နယ်(ပြန်/ဆက်)

# ဒီဂျစ်တယ်ငွေကြေးစနစ်ဖြင့် တောင်သူလယ်သမားများ လူမှုစီးပွားဘဝမြှင့်တင်ပေးမည်

**မိုးရာသီရောက်လာပြီ။ စိုက်ပျိုးရေးလုပ်ငန်းခွင်အသီးသီးကို ကိုယ်စီဝင်ရတော့မည်။ စိုက်ပျိုးသူ တောင်သူလယ်သမားများအနေဖြင့် အဓိကလိုအပ်သည်မှာ စိုက်ပျိုးစရိတ် ငွေကြေးအရင်းအနှီး အထောက်အပံ့ဖြစ်သည်။ စိုက်ပျိုးစရိတ်ချေးငွေလေးရမှ မျိုးဝယ်ရမည်၊ ဓာတ်မြေဩဇာဝယ်ရမည်၊ ထွန်စက်ငှားရမည်၊ ထွန်ရေးပြင်ဖို့ အလုပ်သမားငှားရမည်။**

မောင်ငြိမ်းအေး

တောင်သူလယ်သမားအများစုက လယ်ရှိသော်လည်း အရင်းအနှီးမတတ်နိုင်သူများသည်။ ဝမ်းစာလည်း ချန်ရသေးသည်၊ အိမ်ထောင်စုစရိတ်လည်း ဖယ်ရသေးသည်၊ စိုက်ပျိုးရေးရာသီပြီးလို့ စပါးပေါ်ချိန်မှာ အမြီးနုတ်၊ ခေါင်းနုတ်ဖြင့် နောက်တစ်ရာသီအတွက် အရင်းအနှီးမရှိတော့ပေ။ ယခုနိုင်ငံတော်က စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးနေပြီ။ နိုင်ငံတော်က ထုတ်ချေးမှုသည် ယခင်နှင့်မတူတစ်မူထူးခြားသည်။ ချေးယူရသည်မှာလည်း လွယ်ကူ၊ ငွေရရှိသည်မှာလည်း အဆင်ပြေ၊ ယခင်ထက် နှစ်ဆတိုးရကြတော့ တောင်သူလယ်သမားများဘဝ အဆင်ပြေလေပြီ။

**တောင်သူလက်ဝယ်အရောက်**
**မဆိုင်းမတွ ရောက်လာတော့မည်**

တောင်သူလယ်သမားများအဖို့ ချေးငွေကိုပဲမျှော်ရသည်။ အစိုးရက စိုက်ပျိုးစရိတ်များ ထုတ်ပေးနေသည်မှာ ကြာပါပြီ။ ယခင်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေရဖို့အတွက် မြို့ပေါ်ကိုတက်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ တန်းစီစောင့်ဆိုင်း ထုတ်ယူရသည်မှာ အလုပ်တစ်ခုဖြစ်သည်။ ရွာနှင့်မြို့ကလည်း အတော်အလှမ်းဝေးလို့ ယခုလိုကာလ ချေးငွေထုတ်ပြီး ရွာအပြန်လမ်းမှာ စိုးတရွံ့ရွံ့ဖြင့် သတိထားပြန်ကြရသည်။ မသမာသူများ၏ လုယက်မှု ခံရသူရှိဖူးသည်ဟု ကြားဖူးသည်။ မြို့ပေါ်တက်တော့ ဟိုဟာဒီဟာဝယ်ချင်၊ ဝယ်မိလျှင် လယ်ယာအရင်းအနှီးက ပွန်းပဲ့သွားတတ်သည်။ ယခုတော့ အခွင့်အလမ်းကောင်းတစ်ခု ပေါ်ထွက်လာခဲ့သည်။ ချေးငွေတစ်ဝက်ကို မြို့ပေါ်တက်ထုတ်ပြီး ကျန်ချေးငွေကို ရွာရှိ တောင်သူလက်ဝယ်အရောက် မဆိုင်းမတွ ရောက်လာတော့မည်။ တောင်သူလယ်သမားများ အဆင်ပြေတော့မည်။

ချေးငွေလက်ဝယ်ရောက်၍ လယ်ယာလုပ်ငန်းများကို ချက်ချင်းစနိုင်တော့မည်။ အလျဉ်းသင့်သည့်အချိန် မြို့ပေါ်တက်ပြီး ကျန်ငွေကိုထုတ်ယူရန်သာ ရှိတော့သည်။ စီစဉ်ပေးသည့် အစိုးရမင်းများနှင့် ဆောင်ရွက်ပေးသည့် သက်ဆိုင်ရာတာဝန်ရှိသူများအား ကျေးဇူးတင်မိသည်။ ကျွန်တော်တို့ရွာမှာ ပညာအခြေခံရှိပြီး ဗဟုသုတရှိသည့် မောင်ငြိမ်းမောင်က "အဲဒါ တောင်သူလယ်သမားတွေအတွက် အစိုးရသစ်က အထူးအစီအစဉ်ကို ချက်ချင်းဖော်ဆောင်လိုက်တာမို့ ဝမ်းသာစရာပဲ ဘကြီးဖေ"ဟု ပြောပြသည်။ "ဘကြီး အသေးစိတ်သိချင်ရင် ဒီသတင်းစာကို ဖတ်ကြည့်ပါ"ဟု သတင်းစာဖြတ်ပိုင်းလေးတစ်ခုကို ထုတ်ပြသည်။

မေလ ၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ "တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်"ဟု ဖော်ပြထားသည်။ "ပြည်ထောင်စုအစိုးရအဖွဲ့သစ်အနေဖြင့် ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စရပ်များတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေနှုန်းထား တိုးမြှင့်ထုတ်ချေးမည့် အစီအစဉ်နှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများ ထုတ်ချေးမည့် အစီအစဉ်တို့ကို တောင်သူလယ်သမား ဦးကြီးများသို့ အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် မိုးရာသီချေးငွေကာလမှ စတင်၍ စိုက်ပျိုးစရိတ်ချေးငွေနှုန်းထား တိုးမြှင့်ထုတ်ချေးမည်ဖြစ်ရာ သီးနှံအမျိုးအစားအလိုက် တိုးမြှင့်ထုတ်ချေးမည့်နှုန်းထား၊ ချေးငွေထုတ်ချေးမည့် အတိုးနှုန်း၊ စတင်ထုတ်ချေးမည့် ကာလ သတ်မှတ်ချက် စသည်တို့ကို အသေးစိတ်ဖော်ပြထားသည်ကို ဘကြီး ဦးဘဖေက အသေးစိတ် စိတ်ဝင်တစားဖတ်ရှုလေသည်။

"ဟန်ကျလိုက်တာ မောင်ငြိမ်းမောင်ရာ၊ ဘကြီးလည်း အခုမှ သိရတော့တယ်။ ငါတို့ စပါးစိုက်တောင်သူတွေအတွက် ချေးငွေကို နှစ်ဆတိုးတောင် တိုးပေးထားတယ်ကွ"

မောင်ငြိမ်းမောင်က "ဒါတင်ဘယ်ကမလဲ၊ ဂျုံ၊ ချည်မျှင်ရှည်ဝါ၊ အခြားသီးနှံ ၁၈ မျိုး၊ ပန်းနှမ်း၊ ဆီမုန်ညင်းနဲ့ ဂုန်လျှော်အတွက် ချေးငွေတွေ တိုးပေးထားပါတယ်။ အခု အစိုးရသစ်လက်ထက်မှာ ယခင်နဲ့ မတူတာတွေကို သေသေချာချာလေ့လာကြည့်ဦး"ဟု ပြောသည်။ စိုက်ပျိုးစရိတ်ချေးငွေများကို သီးနှံအမျိုးအစားအလိုက် အချိုးအစားအမျိုးမျိုး တိုးပေးထားပြီး မိုးချေးငွေကို ယခုမေလမှ စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးမည်ဖြစ်သည်။ ဆောင်းချေးငွေကို ၂၀၂၆ ခုနှစ် အောက်တိုဘာလမှ ၂၀၂၇ ခုနှစ် ဇန်နဝါရီလကုန်အထိ ထုတ်ချေးပေးမည်ဖြစ်ပြီး နောက်မိုးကြိုချေးငွေကို ၂၀၂၇ ခုနှစ် ဇန်နဝါရီလမှ မတ်လကုန်အထိ ထုတ်ချေးပေးမည်ဖြစ်သည်။ ဆိုလိုသည်မှာ ဆယ့်နှစ်လရာသီကာလပတ်လုံး ထုတ်ချေးပေးထားခြင်းဖြစ်သည်။

**အတိုးနှုန်းမှာလည်း အလွန်သက်သာ**

စိုက်ပျိုးစရိတ်ချေးငွေအပေါ် ကောက်ခံသည့် အတိုးနှုန်းမှာလည်း အလွန်သက်သာနေသည်။ တစ်နှစ်ပတ်လုံးမှ အတိုး ငါးရာခိုင်နှုန်းဖြစ်သည်။ ချေးငွေလျှောက်ထားလိုသူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) မူရင်းကို အပေါင်အဖြစ် ပေးအပ်ရမည်ဖြစ်သည်။ ကျွန်တော်က "သိပ်ဟန်ကျတယ် ဘကြီးဖေရေ။ အရင်က လယ်ယာလုပ်ငန်းခွင်ဝင်ဖို့ ထွန်စက်နဲ့ လယ်ယာသုံးစက်ကိရိယာတွေ ငှားရတဲ့စရိတ်က မနည်းဘူး။ ကျွန်တော်ငှားလာသမျှစရိတ်တွေကို ပေါင်းလိုက်ရင် ထွန်စက်တစ်စီးဖိုးလောက်ရှိတယ်။ အခု လယ်ယာသုံးစက်ကိရိယာတွေဝယ်ယူဖို့ နိုင်ငံတော်က ချေးငွေအစီအစဉ်တွေ ဖန်တီးပေးလာတော့ စက်ပိုင်ဖြစ်အောင် ကျွန်တော်ကြိုးစားလိုက်ဦးမယ်"ဟု အားရဝမ်းသာပြောသည်။

ချေးငွေပမာဏမှာ ကျပ်သိန်း ၁၀၀ မှ ကျပ်သိန်း ၃၀၀၀ အထိတစ်ကဏ္ဍ၊ ကျပ်သိန်း ၃၀၀၁ မှ ကျပ်သိန်း ၅၀၀၀ အထိ တစ်ကဏ္ဍဖြစ်သည်။ လယ်ယာသုံး စက်ကိရိယာချေးငွေအတွက် အတိုးနှုန်းမှာ တစ်နှစ်လျှင် ခြောက်ရာခိုင်နှုန်းဖြစ်ပြီး နှစ်ချင်းဆပ် တစ်နှစ်၊ နှစ်တို သုံးနှစ်၊ နှစ်ရှည်ငါးနှစ်ဖြစ်သည်။ တောင်သူလယ်သမားများအားလုံး၊ လယ်ယာကုန်ထုတ်လုပ်ငန်းရှင်များအားလုံး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)မြေ၊ ဘိုးဘပိုင်မြေ၊ ဂရန်မြေနှင့် ယင်းမြေပေါ်တွင်ရှိသည့် အဆောက်အအုံများ၊ စက်ပစ္စည်းများ၊ လုပ်ငန်းသုံးယာဉ်များ၊ အခြားပုံသေရပိုင်ခွင့်များ စသည်ဖြင့် အာမခံများ လုံလောက်ပါက စက်ကိရိယာတစ်မျိုးထက် ပိုမိုဝယ်ယူနိုင်သည်။ တောင်သူလယ်သမားများနှင့် သမဝါယမအသင်းများအား ဦးစားပေးထုတ်ချေးမည်ဖြစ်ပြီး မေလမှစတင်၍ စတင်လျှောက်ထားချေးယူနိုင်သည်ဟု အသိပေးထားသည်။

မြန်မာ့စီးပွားရေး၏ အဓိကကဏ္ဍဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝ မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB)က စိုက်ပျိုးစရိတ်ချေးငွေများကို စနစ်သစ်တစ်ရပ်အနေဖြင့် စတင်ထုတ်ချေးပေးနေသည်ကို သိရှိရပြီဖြစ်သည်။

ဘကြီးက "ချေးငွေ လျှောက်ထားရမယ့်နည်းလမ်းနဲ့ လျှောက်ထားနိုင်တဲ့ကိစ္စတွေကိုတော့ သိပါပြီ။ ချေးငွေထုတ်ယူပုံနည်းလေးကိုလည်း ရှင်းပြပေးပါဦး"ဟု မောင်ငြိမ်းမောင်ကို ထပ်မံမေးကြည့်ရာ "အခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ထုတ်ချေးပေးမယ့် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေတွေကို တောင်သူတွေဆီ ပေးအပ်ရာမှာ ယခင်နှစ်ကလို ငွေသားသက်သက်မဟုတ်ဘဲ စနစ်သစ်အနေနဲ့ ငွေသား ၅၀ ရာခိုင်နှုန်းနဲ့ အီလက်ထရောနစ် ငွေကြေး (E-money) ၅၀ ရာခိုင်နှုန်းခွဲဝေပြီး အချိုးကျထုတ်ချေးပေးသွားမှာ"ဟု ရှင်းပြသည်။ "အီလက်ထရောနစ်ငွေကြေးဆိုတာ ဘာကိုပြောတာလဲကွ။ ငါက ရှေးလူကြီးဆိုတော့ နားမလည်လို့ ရှင်းပြပေးပါဦး"

"အီလက်ထရောနစ်ငွေကြေးဆိုတာ လွယ်လွယ်ကူကူပြောရရင် ဒီဂျစ်တယ်နည်းပညာနဲ့ ဘဏ်တွေနဲ့ချိတ်ဆက်ပြီး လက်ကိုင်ဖုန်းတွေကတစ်ဆင့် ငွေထုတ်ယူတဲ့စနစ်ကိုပြောတာ ဘကြီးရ။ အခု လူတွေကြားမှာ Kpay ဆိုတာကို ဘကြီး ကြားဖူးမှာပေါ့။ အဲဒီစနစ်နဲ့ ငွေထုတ်ယူတာကို ပြောတာ ဘကြီး။ ဘကြီးမလုပ်တတ်ရင် ဘဏ်ကဝန်ထမ်းတွေ ရွာကို လာလုပ်ပေးလိမ့်မယ်"ဟု ရှင်းပြရာ ဘကြီးမှာ အတော်ကျေနပ် သဘောကျသွားပုံရသည်။ ယခုအခါ အဆိုပါလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရန်အတွက် ကမ္ဘောဇဘဏ်နှင့် KBZPay ဝန်ထမ်းများက ကျေးရွာများအထိ ကိုယ်တိုင်ကွင်းဆင်းပြီး နည်းပညာနှင့် အသားမကျသေးသည့် တောင်သူဦးကြီးများနှင့် ဒေသခံအေးဂျင့်များအား ဒီဂျစ်တယ်နည်းပညာ အသုံးပြုပုံသင်တန်းများနှင့် အသိပညာပေးဆွေးနွေးပွဲများကို ဆောင်ရွက်ပေးနေပြီဖြစ်သည်။

အဆိုပါလုပ်ငန်းစဉ်ကို ကနဦးစမ်းသပ်ကာလ (Pilot Project)အဖြစ် ခရိုင်နှင့် မြို့နယ် ၁၆ ခုတွင် မြေပြင်ကွင်းဆင်း အကောင်အထည်ဖော်လျက်ရှိပြီး ယခုစမ်းသပ်ကာလအတွင်း တောင်သူလယ်သမား ၈၀၀၀၀ ကျော်အား လယ်တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် အများဆုံးချေးငွေကျပ်သိန်း ၃၀ အထိ ခွဲဝေထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ဤသို့ အစိုးရက ဒီဂျစ်တယ်စနစ်ဖြင့် ချေးငွေထုတ်ချေးရန်စီမံခဲ့ရာတွင် ကျေးလက်ဒေသ၏ အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် နည်းပညာပိုင်းဆိုင်ရာ ချိတ်ဆက်ပေးနိုင်ရန်အတွက် ပြည်တွင်းပုဂ္ဂလိကဘဏ်ကြီးများအနက် ကမ္ဘောဇဘဏ်က ပထမဆုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြစ်သည်။ တောင်သူလယ်သမားများအနေဖြင့် လက်ခံရရှိမည့် E-money ၅၀ ရာခိုင်နှုန်းကို လက်တွေ့အသုံးချနိုင်ရန်အတွက် ကမ္ဘောဇဘဏ်၏ ဝန်ဆောင်မှုကွန်ရက်များမှတစ်ဆင့် ငွေသားပြန်ထုတ်ယူပြီး တိုက်ရိုက်အသုံးပြုကာ မြေဩဇာနှင့် စိုက်ပျိုးရေးသွင်းအားစုများပါ အလွယ်တကူဝယ်ယူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးပေးသောချေးငွေများကို ငွေသား ၅၀ ရာခိုင်နှုန်းနှင့် KBZPay ၅၀ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်ပြီး ကနဦးစမ်းသပ်ကာလအဖြစ် နေပြည်တော်တွင် လယ်ဝေးနှင့် ပုဗ္ဗသီရိမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ရမည်းသင်း၊ ညောင်ဦးမြို့နယ်၊ မွန်ပြည်နယ်တွင် မော်လမြိုင်နှင့် သထုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် သန်လျင်နှင့် ထန်းတပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံနှင့် လပွတ္တာမြို့နယ်တို့တွင် ကနဦး စတင်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ ကျန်ရှိသော နိုင်ငံတစ်ဝန်းရှိ မြို့နယ်များကိုလည်း အပိုင်းလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရက ကျေးလက်နေပြည်သူများ၊ တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ထုတ်လုပ်နိုင်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် စက်မှုလုပ်ငန်းများ (Agro-based Industry) တည်ဆောက်နိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ပေးသည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်ယာသုံးစက်ကိရိယာ ချေးငွေရယူလိုသော တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတစ်ဝန်းရှိ သက်ဆိုင်ရာခရိုင်နှင့်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများသို့ အမြန်ဆုံး ဆက်သွယ်ချေးယူနိုင်ကြစေရန် အသိပေးအပ်ပါကြောင်း။ ။

❖ **အခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ထုတ်ချေးပေးမယ့် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေတွေကို တောင်သူတွေဆီ ပေးအပ်ရာမှာ ယခင်နှစ်ကလို ငွေသားသက်သက်မဟုတ်ဘဲ စနစ်သစ်အနေနဲ့ ငွေသား ၅၀ ရာခိုင်နှုန်းနဲ့ အီလက်ထရောနစ်ငွေကြေး (E-money) ၅၀ ရာခိုင်နှုန်းခွဲဝေပြီး အချိုးကျထုတ်ချေးပေးသွားမှာ**

❖ **ချေးငွေပမာဏမှာ ကျပ်သိန်း ၁၀၀ မှ ကျပ်သိန်း ၃၀၀၀ အထိ တစ်ကဏ္ဍ၊ ကျပ်သိန်း ၃၀၀၁ မှ ကျပ် သိန်း ၅၀၀၀ အထိ တစ်ကဏ္ဍဖြစ်သည်။ လယ်ယာသုံးစက်ကိရိယာချေးငွေအတွက် အတိုးနှုန်းမှာ တစ်နှစ်လျှင် ခြောက်ရာခိုင်နှုန်းဖြစ်ပြီး နှစ်ချင်းဆပ် တစ်နှစ်၊ နှစ်တို သုံးနှစ်၊ နှစ်ရှည် ငါးနှစ်ဖြစ်**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊
(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊
(၃) သဘာဝဘေးဖြစ်ပေါ်လေ့ရှိသော ဒေသများ၌ တိရစ္ဆာန်များကို ဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊
(၄) သဘာဝဘေးအန္တရာယ် ကျရောက်လာပါက တိရစ္ဆာန်များကို ဘေးလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့ နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊
(၅) သဘာဝဘေးအန္တရာယ်ကျရောက်ချိန်၌ ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊
(၆) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူ ရယူနိုင်သောနေရာတွင်ထားရှိရန်၊
(၇) မီးဘေးအန္တရာယ်ကာကွယ်ရန်အတွက် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊
(၈) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊
(၉) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမာန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊
(၁၀) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၁။ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဖြစ်ပေါ်နိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံမိုးလေဝသစောင့်ကြည့်လေ့လာရေးဗဟိုဌာန (ASEAN Specialized Meteorological Center – ASMC) မှ ထုတ်ပြန် ချက်များအရ-
(က) ၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့်(၂)မှ အဆင့် (၁) သို့ လျှော့ချသတ်မှတ်ခဲ့ကြောင်း၊
(ခ) လွန်ခဲ့သောရက်များအတွင်း မဲခေါင်ဒေသခွဲတွင် စိုစွတ်သော ရာသီဥတုဖြစ်ပေါ်ခဲ့ပြီး Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု လျော့နည်းခဲ့ကြောင်း၊
(ဂ) လာမည့်လများတွင် မုတ်သုံကြားကာလအခြေအနေမှ အနောက်တောင်မုတ်သုံ အခြေအနေသို့ ကူးပြောင်းမည်ဖြစ်ပါသောကြောင့် မဲခေါင်ဒေသခွဲ၏ နေရာအနှံ့အပြားတွင် မိုးရွာသွန်းမှုများ ဖြစ်ပေါ်မည်ဟု ခန့်မှန်းရကြောင်း၊
(ဃ) ASMC ၏ စောင့်ကြည့်လေ့လာမှု၊ ဆန်းစစ်မှုနှင့် ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့် (၁) မှ အဆင့် (၀) (ခြောက်သွေ့ရာသီကာလကုန်ဆုံးခြင်း)သို့ ရောက်ရှိကြောင်း။

၂။ ASMC ၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလ ၁၆ ရက်နေ့အထိ Fire Hotspot ဖြစ်ပေါ်မှုသည် ၂၀၂၅ ခုနှစ်ထက် (၁) % ပိုမိုဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် (၁၁) % လျော့နည်းစွာ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု**
**တားဆီးကာကွယ်ရေးဆိုင်ရာ**
**ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ**



## ညောင်ဦးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် (UID)ကတ်များ ကွင်းဆင်းဆောင်ရွက်

**ညောင်ဦး ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric data ကောက်ယူ၍ UID ကတ်များ ဆောင်ရွက်ပေးခြင်းကို ဇွန် ၄ ရက် နံနက် ၉ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း(မြို့မ)တွင် ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝဏ္ဏနှင့် တာဝန်ရှိသူများက အသက် ၁၀ နှစ်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်း၊ လဲလှယ်ပေးခြင်းနှင့် UID ကတ်များ ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်က ကျောင်းသား ကျောင်းသူ ၉၉ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

## ဟသ်ာတမြို့၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဟသ်ာတ ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့တွင် ပြည်သူများအားဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ၊ မူခင်းအသိပညာပေးလက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက ဟသ်ာတမြို့ ဟသ်ာရုပ်တုအဝိုင်းတွင် ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာသို့ ဟသ်ာတခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်မျိုးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းကျော်ဌေး၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြင့်သိန်း၊ အမှတ်(၈၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ဟသ်ာတ)မှ ဒုတိယရဲမှူး ယဉ်မင်းသိုက်တို့ ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောအောင်မွန်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြည်သူလူထုအား ဆိုင်ကယ်စီးဦးထုပ် အလုံးရေ ၂၀၀ အခမဲ့ဖြန့်ဝေပေးခြင်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များနှင့် မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## မိုးညှင်းမြို့မ သစ်တောစိုက်ပျိုးခြံမှ ပျိုးပင်များ အခမဲ့ဖြန့်ဝေမည်

**မိုးညှင်း ဇွန် ၇**

ကချင်ပြည်နယ် မိုးညှင်းမြို့မသစ်တောစိုက်ပျိုးခြံတွင် ၂၀၂၆ မိုးရာသီကာလအတွက် ပျိုးပင်ပေါင်း ၁၇၀၀၀ ကျော်စိုက်ပျိုးထားပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးလိုသူများကို အခမဲ့ဖြန့်ဝေပေးမည်ဖြစ်သည်။

“မိုးညှင်းမြို့နယ်အတွင်းက စာသင်ကျောင်း၊ ဆေးရုံ၊ လူစည်ကားရာနေရာတွေမှာ၊ မိမိတို့အိမ်ခြံဝင်းထဲမှာ အရိပ်ရပင်လေးတွေ၊ ပန်းအလှပင်လေးတွေ စိုက်ချင်တယ်ဆိုရင် မိုးညှင်းမြို့မသစ်တောပျိုးဥယျာဉ်ခြံကို ဆက်သွယ်ပြီး ပျိုးပင်တွေ အခမဲ့လာရောက်ထုတ်ယူစိုက်ပျိုးနိုင်ပါတယ်” ဟု မြို့မသစ်တောဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါပျိုးဥယျာဉ်ခြံတွင် ကျွန်း၊ ပျဉ်းကတိုး၊ ယမနေ၊ မဟော်ဂနီ၊ ပိတောက်၊ ယင်းမာ၊ ကံ့ကော်၊ စိန်ပန်း၊ ခရေ၊ မန်ကျည်းရှား၊ ရေတမာ၊ တောင်တမာ စသည့်ပျိုးပင်ပေါင်း ၁၇၀၀၀ ကျော်တို့ကို စနစ်တကျစိုက်ပျိုးထားရှိသည့်အတွက် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလိုလားနှစ်သက်သူ မည်သူမဆို အခမဲ့လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**နီတိုး**



## ချောင်းဆုံမြို့နယ်၌ မြေထိန်းနံရံတည်ဆောက်

**ချောင်းဆုံ ဇွန် ၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တော်ကနာကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် လယ်ယာကုန်ထုတ်လမ်းပေါ်ရှိ တံတား၌ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့် ဝန်ထမ်းများက တော်ကနာကျေးရွာ၌ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၈ ဒသမ ၄၁ သန်းဖြင့် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မေလပထမပတ်မှစတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သုတ**

# အပြောင်းအလဲနှင့်အတူ ထိရောက်မှုရှိ ချွေတာရာရောက်သည့် EV ဥပမာ

မိုးမြင့်

လောကကြီး၌ မပြောင်းလဲသောအရာဟူ၍ မရှိနိုင်ပါ။ ဘာမှမမြဲတတ်သည့် သဘောတရားတစ်ခုမို့ ပြောင်းလဲနေရမည်သာ။ အချိန်နှင့်အမျှ ပြောင်းနေရမည်၊ အခြေအနေအရ ပြောင်းလဲရမည်၊ သဘာဝနိယာမအရလည်း ပြောင်းနိုင်သည်။ အပြောင်းအလဲဟူသည် ပုံစံပြောင်းသွားတာမျိုး၊ အခြေအနေတွေ ပြောင်းတာမျိုးဖြစ်နိုင်သည်။ အတွေးအခေါ်၊ အလေ့အထ၊ မူဝါဒ၊ ဈေးကွက်များ ပြောင်းလဲနိုင်သည်။ အရေးကြီးသည်မှာ ပြောင်းလဲမှုမှန်သမျှ တိုးတက်မှုဆီ ဦးတည်နေရန်သာ။ တစ်ခုခုကိုပြောင်းလဲခြင်းက အဆိုးဘက်မဟုတ်၊ အကောင်းဘက်သာဖြစ်ရမည်။ ပို၍ဆိုးသွားဖို့မဟုတ်၊ ပို၍ကောင်းသွားဖို့ဖြစ်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

### ကုန်ကျစရိတ်ကြောင့် ရေပန်းစားလက်ခံသူများလာသည်

မိမိတို့ဝန်းကျင်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အပြောင်းအလဲအချို့ ရှိခဲ့သည်။ အပြောင်းအလဲကို လိုချင်ကြသော်လည်း ပြောင်းလဲမှာကို ကြောက်သူတွေလည်း ရှိသည်။ အမှန်တကယ် မပြောင်းနိုင်လို့ ဖြစ်ချင်ဖြစ်မည်။ မယုံကြည်လို့လည်း ဖြစ်နိုင်သည်။ ကိုယ်ကျိုးစီးပွားထိခိုက်မှာစိုး၍လည်း ဖြစ်နိုင်သည်။ ထိုပြောင်းလဲမှုများစွာထဲမှာ လျှပ်စစ်ကား (Electric Vehicle – EV) အပြောင်းအလဲတစ်ခုဆီ ကြည့်ကြစို့ရဲ့။

အပြောင်းအလဲတစ်ခု အောင်မြင်မှု ရှိ၊ မရှိ မှတ်ကျောက်တင်ခံနိုင်ရမည်ဟု ဆိုသည့်အတွက် မြန်မာနိုင်ငံတွင် EV များ ရေပန်းစားလာမှု၊ ပြောင်းလဲသုံးစွဲမှုပမာဏများလာသည်ကိုကြည့်၍ လူထု၏ လက်ခံနိုင်မှုသည် အတိုင်းအတာတစ်ခုအထိ တိုးတက်လာသည်ဟု ဆိုနိုင်သည်။ EV အပြောင်းအလဲဆိုသည်က မြန်မာနိုင်ငံတစ်ခုတည်းမဟုတ်၊ ကမ္ဘာပေါ်မှာပါ ပြောင်းလဲသုံးစွဲမှုများလာနေသည်ကို သတိပြုရမည်။ ရိုးရိုးလောင်စာသုံး ကားနေရာတွင် လျှပ်စစ်စွမ်းအင်သုံးကားများ နေရာယူလာသည်မှာ အချိန်အတော်ကြာခဲ့ပါပြီ။ အခြေအနေချင်း မတူသော်လည်း မြန်မာနိုင်ငံ၏ လက်ရှိအနေအထားအရ EV ဘက် ပြောင်းလဲသုံးစွဲရန် အချိန်တန်လာပြီဖြစ်သည်။

ကျွန်တော်တို့ ပြည်သူများ ရေနံလောင်စာကို ဈေးကြီးကြီးနှင့် သုံးစွဲရမှုဒဏ်ကို သည်းခံနိုင်စွမ်းအားမှာ အကန့်အသတ်နှင့်သာ ဖြစ်သင့်သည်။ လောင်စာဆီနှုန်းထားနှင့် လျှပ်စစ်မီတာနှုန်းထား ဈေးနှုန်းကွာခြားချက်က ယခုလိုအချိန်တွင် လွန်စွာသိသာပါသည်။ လျှပ်စစ်ကားပြောင်းလဲသုံးစွဲမှုက နေ့စဉ်မောင်းနှင်နေရသည့် လောင်စာဆီကုန်ကျစရိတ်ကို များစွာလျှော့ချပေးနိုင်သည်ကို လက်ခံသူများလာသည်။ ထို့ကြောင့် လောင်စာဆီနေရာတွင် လျှပ်စစ်ဘက်ထရီကို ပြောင်းလဲသုံးစွဲဖို့ အမြန်စဉ်းစားသင့်ပြီဟု ဆိုချင်သည်။ ကမ္ဘာ့စွမ်းအင်စစ်ပွဲနှင့် စွမ်းအင်အပြောင်းအလဲက စက်သုံးဆီသုံးစွဲမှုချွေတာရေးအတွက် တွန်းအားပေးသည့် တပ်လှန့်ခေါင်းလောင်းသံအလား နိုးကြားနေရမည်။ စက်သုံးဆီကုန်ကျစရိတ်နှင့် အင်ဂျင်ဝိုင်ကုန်ကျစရိတ်အတွက် သက်သာဖို့နည်းလမ်းကို ရှာဖွေလိုလျှင် EV Mindset အတိုင်း လိုက်ပါစီးမျောရုံသာရှိသည်။

### ပြုပြင်ထိန်းသိမ်းစရိတ် သက်သာသည်မှာ

ကုန်ကျစရိတ်အပြင် လောင်စာဆီသုံးကားများကို နေ့စဉ်အချိန်ပေး၍ ထိန်းသိမ်းပြုပြင်နေရမှုများအပေါ်မှာကော စိတ်ပျက်ညည်းတွားနေရမှုများကို အဖြေရှာသင့်ပါပြီ။ မိမိလက်ရှိပိုင်ဆိုင်ထားသော ကားတစ်စီး၏ ရှုပ်ထွေးသော အင်ဂျင်အစိတ်အပိုင်းများအတွက် အလုပ်ရှုပ်၊ အချိန်ကုန်နေရမှုကို EV က သက်သာအောင် လုပ်ပေးနိုင်ပြီလား။ အင်ဂျင်အစား ဘက်ထရီ၏ လျှပ်စစ်စွမ်းအင်နှင့် လည်ပတ်သော လျှပ်စစ်မော်တာအမျိုးအစား EV တွင် ပါဝင်သည်ကို သိကြပါသည်။

EV တွင် သုံးစွဲသောဘက်ထရီသည် Lithium-ion ဘက်ထရီဖြစ်၍ စွမ်းအင်ကို များစွာသိုလှောင်ထားနိုင်ပါသည်။ လျှပ်စစ်မော်တာ၏ အရွေ့စွမ်းအင်က အင်ဂျင်၏စွမ်းအင်ထက် များစွာသာလွန်ပြီး မော်တာ၏ လှည့်အား၊ လိမ်အားကလည်း ကား၏ အရှိန်မြှင့်တင်ရာတွင် အကူအညီဖြစ်စေသည်ဟု ဆိုသည်။ အင်ဂျင်ဝိုင်မလိုသည့်အတွက် အင်ဂျင်ဝိုင် အဖိုးအခအပြင် အင်ဂျင်ဝိုင်ကို နေ့စဉ်စစ်ဆေးနေရန်လည်း မလိုအပ်တော့ပါ။ အင်ဂျင်အုံ မပါသည့်အတွက် ပစ္စည်းအပိုလည်း ထည့်လို့ရသည့် အကျယ်အဝန်းကို ရရှိသေးသည်။ ဂီယာအုံမပါသည့်အတွက် ဂီယာဘောက်နှင့် ပလပ်များအတွက် ပြုပြင်ထိန်းသိမ်းစရာလည်း မလို၊ ပြုပြင်စရိတ်ခ သက်သာသည့်အတွက် များစွာခေါင်းစားစရာလည်း မလိုအပ်တော့။ အင်ဂျင်မပါသဖြင့် အင်ဂျင်တုန်ခါမှုမရှိ၊ အသံဆူညံမှုမရှိ။ ဓာတ်ဆီ၊ ဒီဇယ်ကားများထက် သက်သောင့်သက်သာရှိနိုင်သည်မှာ အားသာချက်တစ်ခုဖြစ်သည်။

### နည်းပညာပိုင်းအားသာချက်နှင့်အတူ သဘာဝပတ်ဝန်းကျင်အတွက်ပါ စဉ်းစားရန်

လောင်စာဆီသုံးကား အိတ်ဇောမှထွက်သည့် ကာဗွန်ဒိုင်အောက်ဆိုက်လို အဆိပ်ငွေ့မျိုးက လူ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ဆိုးဆိုးရွားရွား ထိခိုက်စေသည်မှာ အားနည်းချက်တစ်ခုဖြစ်နေသည်။ အင်ဂျင်ကားနှင့် မီးခိုးမထွက်၊ အိတ်ဇောမပါသည့် ဘက်ထရီကားများ၏ အားသာ၊ အားနည်းချက်ကို စဉ်းစားရာတွင် အရေးအကြီးဆုံးက ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်နှင့်ယှဉ်၍ စဉ်းစားရန် တာဝန်ရှိခြင်းပင် ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး မိမိပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် EV မျိုးကို ပြောင်းလဲသုံးစွဲခြင်းဖြင့် သင့်ကျန်းမာရေးကို စောင့်ရှောက်ရာရောက်သလို သဘာဝပတ်ဝန်းကျင်အားလည်း ကယ်တင်ရာရောက်သည်ကို အားသာချက်တစ်ခုအနေဖြင့် မြင်သင့်ပါသည်။

ထို့အပြင် ခေတ်နှင့်အညီ တိုးတက်လာသော နည်းပညာမြင့် EV များ၏ အရည်အသွေးများကိုလည်း ကြိုတင်လေ့လာထားသင့်ပါသည်။ စွမ်းအားမြင့်ဘက်ထရီများတွင် ဘက်ထရီသက်တမ်းရှည်ကြာအောင် အားသွင်းနိုင်မှုအခြေအနေ၊ ပူလွန်း/အေးလွန်းမရှိအောင် အပူချိန်ထိန်းချုပ်နိုင်စွမ်းအား၊ ဗို့အား ထိန်းချုပ်နိုင်မှုစနစ်များတွင် ပိုမိုတိုးတက်လာမည့် အလားအလာများ တွေ့နေရသည်။ အချို့ကားများတွင် EV ဘက်ထရီနှင့် အိမ်သုံး/ဓာတ်အားလိုင်း အပြန်အလှန်မျှဝေဖြန့်ဝေမှုများ ရှိလာနိုင်ပြီဟု ဆိုသည်။ AI နည်းပညာနှင့်အတူ ခရီးလမ်းကြောင်းကို အလိုအလျောက် ထိန်းညှိမှုစနစ်၊ အလိုအလျောက် ဘရိတ်စနစ်၊ ခရီးဝေးတစ်လျှောက် အားသွင်းစခန်းရှိမှု၊ မရှိမှုနှင့် ခရီးမိုင်အကွာအဝေး တွက်ချက်မှုစနစ်များ စသည့်နည်းပညာပိုင်းအရ အားသာချက်များကိုလည်း လေ့လာမိပါသည်။

> **❛ မည်သည့်အပြောင်းအလဲမှာမဆို စိန်ခေါ်မှုဟူသည် အနည်းနှင့်အများ ရှိသည်သာ။ စိန်ခေါ်မှုကိုကြောက်၍ အချို့သောအရာတွေကို မပြောင်းလဲ၍လည်းမဖြစ်ပါ။ EV ကိစ္စမှာလည်း ထို့အတူ။ EV များအတွက် အားသွင်းစခန်း (Charging Station) များက မြို့ကြီးများတွင်သာ ရှိနေနိုင်သေးသည်။ ထို့ကြောင့် နယ်ဝေးခရီးသွားများအတွက် အခက်အခဲရှိနိုင်သည်။ ထို့ပြင် အားသွင်းကြာချိန်ကလည်း စကားပြောသည်။ ဓာတ်ဆီ / ဒီဇယ်ထည့်ဖို့ အချိန်မကြာသော်လည်း လျှပ်စစ် Charging အတွက်တော့ Fast Charging၊ အိမ်သုံးမီတာအပေါ်မူတည်၍ မိနစ် ၃၀ မှသည် ရှစ်နာရီခန့်အထိ အချိန်ပေးရလိမ့်မည်။ ကိုယ်ပိုင်အားသွင်းကိရိယာဆောင်၍ ညအိပ်ချိန်မှာ သွင်းထားပြီး ဖြေရှင်းနိုင် ❜**

### အားသာချက်များနှင့်အတူ စိန်ခေါ်မှုကား ရှိစမြဲ

မည်သည့် အပြောင်းအလဲမှာမဆို စိန်ခေါ်မှုဟူသည် အနည်းနှင့်အများ ရှိသည်သာ။ စိန်ခေါ်မှုကို ကြောက်၍ အချို့သောအရာတွေကို မပြောင်းလဲ၍လည်း မဖြစ်ပါ။ EV ကိစ္စမှာလည်း ထို့အတူ။ EV များအတွက် အားသွင်းစခန်း (Charging Station) များက မြို့ကြီးများတွင်သာ ရှိနေနိုင်သေးသည်။ ထို့ကြောင့် နယ်ဝေးခရီးသွားများအတွက် အခက်အခဲရှိနိုင်သည်။ ထို့ပြင် အားသွင်းကြာချိန်ကလည်း စကားပြောသည်။ ဓာတ်ဆီ / ဒီဇယ်ထည့်ဖို့ အချိန်မကြာသော်လည်း လျှပ်စစ် Charging အတွက်တော့ Fast Charging၊ အိမ်သုံးမီတာအပေါ် မူတည်၍ မိနစ် ၃၀ မှသည် ရှစ်နာရီခန့်အထိ အချိန်ပေးရလိမ့်မည်။ ကိုယ်ပိုင်အားသွင်းကိရိယာဆောင်၍ ညအိပ်ချိန်မှာ သွင်းထားပြီး ဖြေရှင်းနိုင်သည်။

ဘက်ထရီအပြည့် သွင်းထားသော်လည်း ခွင့်ပြုထားသည့် ကီလိုမီတာ ကန့်သတ်ချက်ကြောင့် ခရီးဝေးသွားလျှင် အားကုန်သွားမလား စိုးရိမ်ရသည်။ လျှပ်စစ်မီးအခက်အခဲက ပြောစရာတစ်ခုဖြစ်နေသလို အားသွင်းခနှုန်းထားမှာလည်း အပြောင်းအလဲများ ရှိနိုင်သည်။ ထိုအချက်များကား မူဝါဒပိုင်းဆိုင်ရာနှင့် ရေရှည်အစီအမံများဖြင့် ဖြေရှင်းနိုင်ပါမည်။ ထို့ပြင် EV ကားသမားများမှာ သူတို့ကားဘက်ထရီသက်တမ်းကုန်၍ အသစ်လဲရမည့် ကုန်ကျစရိတ်အပေါ် စိုးရိမ်ရပြန်သည်။

သို့သော် ဘက်ထရီသက်တမ်းဆိုသည်က အလေ့အကျင့်ကောင်းများရှိလျှင် အဆင်ပြေပါသည်။ ရှစ်နှစ်၊ ၁၀ နှစ်ခန့်ကြာနိုင်သည့် ဘက်ထရီသက်တမ်းနှင့် ရှည်လျားသော ယင်းကာလအတွင်း သက်သာရာရခဲ့သည့် ကုန်ကျစရိတ်များကို ကြိုတင်တွက်ချက်စုဆောင်းထားရှိသင့်ပါသည်။ ထို့ပြင် ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာနိုင်ရန်လည်း လိုပါသည်။ ဘယ်လိုအခြေအနေမှာ အလွန်အကျွံ အားမသွင်းသင့်ပါသလဲ၊ အောက်ဆုံးသုညအထိ အားသွင်းသင့်ပါသလား၊ အမြန်အားသွင်း DC ထက် ရိုးရိုးအားသွင်း အိမ်သုံး AC ဖြင့် အားသွင်းခြင်းက ပို၍ အဆင်ပြေနိုင်ပါသည်။ ကားကိုမသုံးဘဲ ကြာရှည်ရပ်မထားသင့်၊ နေပူပြင်းပြင်းအောက်မှာ ကြာရှည်ရပ်မထားသင့် ဆိုသော သတိပေးစကားမျိုး မကြာမကြာ ကြားဖူးကြပါလိမ့်မည်။ မောင်းနှင်နေစဉ်ဘရိတ်နင်းသည့်အခါ ရွေ့လျားစွမ်းအင်အဖြစ်မှ လျှပ်စစ်စွမ်းအင်ပြန်ရအောင် လျှပ်စစ်မော်တာက လုပ်ပေးနေကြောင်း သိထားရပါမည်။ ကောင်းတာတွေအပေါ်မှာ သတိထားပြီး ထပ်ဆင့်ဆင်ခြင်စရာတွေကို မပေါ့ဆမိရန် ဂရုစိုက်ခြင်းဖြင့် EV ၏ အားသာချက်များကို ပိုမိုပေါ်လွင်အောင် ပညာပေးရပါမည်။

ဘယ်လိုစိန်ခေါ်မှုမျိုး ဖြစ်ဖြစ်ပါ။ လက်တွေ့ EV ယာဉ်မောင်းသူများ၏ အပြောအရ EV သုံးရာတွင် ကြာရှည်သုံးလေ ပို၍တန်လေဟု ဆိုသည်။ ကုန်ကျစရိတ်အပိုင်းမှာ သိသိသာသာ ကွာခြားသွား၍ ဖြစ်သည်။ တစ်ကီလိုမျှ ကားရွေ့တိုင်းမှာ ကုန်ကျစရိတ် ဘယ်လောက်သက်သာနေပါသလဲ၊ ရှင်းရှင်းလေးတွက်ကြည့်ပြီး လျှပ်စစ်မီတာအားသွင်းခနှင့် စက်သုံးဆီဈေးကိုပဲ နှိုင်းယှဉ်ကြည့်လိုက်ပါ။

ယနေ့ စက်သုံးဆီဈေးက တစ်လီတာ ငွေကျပ် ၄၅၀၀-၅၀၀၀ ဝန်းကျင်မှာ ရှိနေသည်။ အားသွင်းခက အိမ်သုံးမီတာဆိုလျှင် တစ်ယူနစ် ကျပ် ၁၂၅- ၁၅၀၊ Station မှာဆိုလျှင် တစ်ယူနစ် ကျပ် ၇၀၀-၇၅၀ သတ်မှတ်ချက်များနှင့် တွက်ချက်ကြည့်နိုင်သည်။ အင်ဂျင်ကား ကီလိုမီတာ ၁၀၀ မောင်းလျှင် ကုန်ကျသည့် စက်သုံးဆီပမာဏနှင့် EV ကို ကီလိုမီတာ ၁၀၀ မောင်းလျှင် မီတာခကုန်ကျစရိတ် နှိုင်းယှဉ်သည့်အခါ အင်ဂျင်ကားဆီဖိုးထက် အိမ်သုံးမီတာသုံး EV ကားက ၁၅ ဆ၊ Station Charging သုံး EV က သုံးဆခန့် ကုန်ကျစရိတ်မှာ ပိုမိုသက်သာသည်ဟု အမှန်တကယ် လက်တွေ့အသုံးပြုသူများ ကိုယ်တိုင်ပြောပြချက်များအရ သိရသည်။ ထို့ပြင် အင်ဂျင်ဝိုင်ဖိုး၊ ပလပ်လဲရမည့်ဝန်တာ၊ ဖီလ်တာ (Filter) ဖိုးများတွင်လည်း သက်သာသွားသည်ဟု ဆိုသည်။ ပြုပြင်ထိန်းသိမ်းမှု ကုန်ကျစရိတ်တွင်လည်း များစွာသက်သာသွားသည်။

ထို့ပြင် EV မောင်းနှင်သူတစ်ဦးတွင် ပိုမိုကောင်းမွန်သည့် စိတ်ခံစားမှုမျိုးများ ရှိနိုင်ပါသည်။ မည်သို့ရရှိနိုင်ပါသလဲ။ ကိုယ်တိုင်မမောင်းဖူးလျှင်တောင် လက်တွေ့မောင်းသူများ၏ စိတ်ခံစားချက်မျိုး မိမိကိုယ်တိုင် ခံစားဖူးပါသည်။ လျှပ်စစ်မော်တာ၏ သာလွန်ချက်ဖြင့် အရှိန်မြှင့်မောင်းနှင်နိုင်စွမ်းက လိုရာခရီးကို ပိုပြီးမြန်မြန်ဆန်ဆန် ရောက်သွားစေသလား ခံစားရသည်။ ကားမောင်းသည့်အခါ တိတ်တိတ်ဆိတ်ဆိတ်၊ စိတ်ဖိစီးမှုနည်းနည်းဖြင့် ပို၍ ခရီးရောက်ချင်ကြမည်ဟုလည်း ထင်ပါသည်။

**သဘာဝပတ်ဝန်းကျင်အတွက် တာဝန်သိသူတစ်ဦးသဖွယ် ဖွံ့ဖြိုးမှုကဏ္ဍတွင် ကိုယ်တိုင်ပါဝင်နေရသူ၏ မြင့်မြင့်မားမား ခံစားချက်မျိုးကို ဘာနှင့်မျှ လဲနိုင်မည်မထင်ပါ။ ထို့ပြင် ယခုလို စက်သုံးဆီဈေးနှုန်းများ မြင့်တက်နေသည့်အခြေအနေမှာ ကုန်ကျစရိတ်နှင့် ထိရောက်မှုကို စွမ်းဆောင်ရည်ရှိရှိဖြင့် ချွေတာတတ်သူတစ်ဦးအဖြစ် မိမိကိုယ်မိမိ ပုံဖော်နိုင်ပါလိမ့်မည်။ ယနေ့ခေတ်က အရာရာ နည်းပညာခေတ်ကြီးဖြစ်နေသည်။ ယခုလို နည်းပညာခေတ်တွင် ကိုယ်တိုင်လည်း နည်းပညာနောက် စီးမျောလိုက်ပါနိုင်သူ ဖြစ်နေပြီလား၊ ကောင်းမွန်သောခံစားမှု ရှိနိုင်ပါသည်။**

အချုပ်အားဖြင့် ကျွန်တော်တို့အားလုံး၌ ရှိနှင့်သည့် အရင်းအမြစ်အားလုံးက အကန့်အသတ်နှင့်သာ ဖြစ်ပါသည်။ ဘာပဲလုပ်လုပ် စီမံခန့်ခွဲရာတွင် မိမိသုံးစွဲလိုက်သည့် ကုန်ကျစရိတ်ကို ထိထိရောက်ရောက်ရှိအောင်၊ ထိရောက်မှုအရှိဆုံး အမျိုးအစား/နည်းလမ်းကို ရွေးချယ်နိုင်မည့် Cost-effectiveness ရှိရန်နှင့် ကုန်ကျစရိတ်ကို အနည်းဆုံးနှင့် ချွေတာနိုင်စွမ်းရှိသည့် Cost-efficiency ရှိရန်သည် အရေးကြီးလှပါသည်။ သို့မှသာ သုံးစွဲလိုက်ရသည့် အရင်းအနှီးနည်းနည်းဖြင့် အကျိုးကျေးဇူးများရာ၊ အရည်အသွေးပြည့်မီရာ Cost-benefit သို့ ဆိုက်ရောက်နိုင်ပါမည်။ ။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန



# "မျှစ်" သို့မဟုတ် "သဘာဝ၏ အာဟာရသိုက်"

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။
(၂၀၂၆ ခုနှစ် ၊ မေလ)

၁

## "သဘာဝ၏အာဟာရသိုက်"



"မျှစ်"တွင် ကယ်လိုရီနှင့် အဆီဓာတ် အလွန်နည်းပါးစွာပါဝင်ပြီး ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများအတွက် အရေးပါသည့် အမိုင်နိုအက်ဆစ် (ပရိုတိန်းဓာတ်) များ ပါဝင်ပါသည်။ ထို့ပြင် အမျှင်ဓာတ်များစွာ ပါဝင်သောကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေသော အာဟာရဆိုင်ရာ ရတနာတစ်ပါးဖြစ်ပါသည်။



၂

## "မျှစ်"၏အာဟာရတန်ဖိုးများ

လတ်ဆတ်သောမျှစ်စို (၁၀၀) ဂရမ် (၆ ကျပ်သားခန့်) တွင် -

- ကယ်လိုရီဓာတ် (၂၀) မှ (၂၇) ကီလိုကယ်လိုရီခန့်၊
- ကစီဓာတ် (၅) ဂရမ်ခန့်၊
- အသားဓာတ် (၂.၅) ဂရမ်ခန့် (ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများအတွက် အရေးပါသည့် အမိုင်နိုအက်ဆစ် ၁၇ မျိုးခန့်ပါဝင်ပါသည်)၊
- အဆီဓာတ် (၀.၃) ဂရမ်ခန့်၊
- အမျှင်ဓာတ် (၂.၅) မှ (၃.၅) ဂရမ် ခန့်တို့ ပါဝင်ပါသည်။

## "မျှစ်"တွင်ပါဝင်သောအာဟာရဓာတ်များ

- ဗီတာမင် အေ၊
- ဗီတာမင် ဘီအုပ်စု၊
- ဗီတာမင် စီ၊
- ဗီတာမင် အီး၊
- ပိုတက်စီယမ်၊
- မဂ္ဂနီစ်နှင့် ကြေးနီ၊
- ဖော့စဖရပ်စ်နှင့် မဂ္ဂနီစီယမ်ဓာတ်၊
- သံဓာတ်နှင့် ဇင့်ဓာတ်၊
- Phytosterols နှင့်
- မျှစ်ချဉ်တွင် အကျိုးပြုဘက်တီးရီးယား (Probiotics) တို့ ပါဝင်ပါသည်။

၃

မျှစ်တွင် အာဟာရဓာတ်များစွာပါဝင်သောကြောင့် အခြားသူများကို သိရှိစားသုံးနိုင်စေရန် တိုက်တွန်းမျှဝေပါ။

## "မျှစ်"၏ကျန်းမာရေးအကျိုးကျေးဇူးများ

မျှစ်တွင် ပါဝင်သည့် -

- အမျှင်ဓာတ်သည် အစာခြေစနစ်ကို ကောင်းမွန်စေကာ ဝမ်းချုပ်ခြင်း မှကာကွယ် ပေးပြီး သွေးပေါင်ချိန်ကို ထိန်းညှိပေးပါသည်၊
- ဗီတာမင်အေနှင့် ဗီတာမင်စီသည် ကိုယ်ခံအားစနစ်အတွက် ကောင်းမွန်စေပါသည်၊
- ဗီတာမင်ဘီအုပ်စုသည် ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်ကိုအထူး အားပေးပါသည်၊
- ဗီတာမင်အီးသည် ဆဲလ်များ ပျက်စီးမှုကို ကာကွယ်ပေးသည့် ဓာတ်တိုးဆန့်ကျင် ပစ္စည်းအဖြစ် ဆောင်ရွက်ပေးပါသည်၊
- ပိုတက်စီယမ်သည် သွေးပေါင်ချိန်ကို ထိန်းညှိပေးပါသည်၊
- မဂ္ဂနီစ်နှင့် ကြေးနီသည် အရိုးအဆစ်ကျန်းမာရေးနှင့် သွေးနီဥ ဖြစ်ပေါ်မှုကို ကူညီပေးပါသည်၊
- ဖော့စဖရပ်နှင့် မဂ္ဂနီစီယမ်သည် ကြွက်သားနှင့် အာရုံကြောလုပ်ငန်း များကို ထောက်ပံ့ပေးပါသည်၊
- သံဓာတ်နှင့် ဇင့်ဓာတ်များသည် ကိုယ်ခံအားနှင့် သွေးအားကောင်း စေပါသည်၊
- Phytosterols သည် ခန္ဓာကိုယ်အတွင်း မကောင်းသော သွေးတွင်း အဆီဓာတ်စုပ်ယူမှုကို လျှော့ချပေးပါသည်၊
- မျှစ်ချဉ်တွင်ပါဝင်သော အကျိုးပြုဘက်တီးရီးယား (Probiotics) သည် အစာအိမ်နှင့် အူလမ်းကြောင်းအတွက် အကျိုးပြုပြီး အစာကြေညက်မှုကို အားပေးပါသည်။

၄

## "မျှစ်"၏စားသုံးနိုင်မှုပုံစံများ

- မျှစ်ကို မျှစ်စို၊ မျှစ်ခြောက်နှင့် မျှစ်ချဉ်ဟူ၍ ပုံစံအမျိုးမျိုးဖြင့် စားသုံးနိုင်ပါသည်။
- မျှစ်ခြောက်ဖြစ်စေ၊ မျှစ်ချဉ်ဖြစ်စေ မချက်ပြုတ်ခင် ရေနွေးနှင့် စိမ်ထားခြင်း သို့မဟုတ် ပြုတ်ခြင်းပြုလုပ်ပါက မျှစ်တွင်ပါဝင်နိုင်သည့် ဓာတုဆေးအကြွင်း အကျန်များကို လျော့နည်းစေနိုင်ပြီး နူးညံ့၍ အရသာပိုမိုကောင်းမွန်စေနိုင်ပါသည်။
- လတ်ဆတ်နူးညံ့ပြီး အရောင်မပြောင်းသေးသည့် မျှစ်စိုကို ဦးစားပေး၍ ရွေးချယ်ချက်ပြုတ်စားသောက်သင့်ပါသည်။



မျှစ်စို



မျှစ်ခြောက်



မျှစ်ချဉ်

၅

## သတိပြုရမည့်အချက်များ

မျှစ်ကို သတိပြု၍ စားသုံးသင့်သူများမှာ -

- အဆစ်အမြစ်ကိုက်ခဲတတ်သူများ၊
- ဂေါက်ရောဂါရှိသူများ၊
- ယူရစ်အက်ဆစ်များသူများ၊
- ကျောက်ကပ်ရောဂါရှိသူများ တို့ဖြစ်ပါသည်။

**မျှစ်ကို အချဉ်ဖောက်စဉ် ယင်နားခြင်း၊ မသန့်ရှင်းသောရေကို အသုံးပြုမိခြင်း၊ ဈေးကွက်ထဲရှိ အချို့သော မျှစ်ချဉ်များတွင် အရောင်ချွတ်ဆေး၊ တာရှည်ခံဆေးများ ပါဝင်နိုင်ခြင်းတို့ကြောင့် မျှစ်ကို စင်ကြယ်သည်အထိ သေချာစွာ ဆေးကြော၍ စနစ်တကျချက်ပြုတ်စားသုံးသင့်ပါသည်။**

၆

မျှစ်တွင် အာဟာရဓာတ်များစွာပါဝင်သောကြောင့် အခြားသူများကို သိရှိစားသုံးနိုင်စေရန် တိုက်တွန်းမျှဝေပါ။

# မြန်မာ့ဆန်စပါး၏ ရွှေခေတ်ကို ပြန်လည်ထူထောင်ကြပါစို့

နေသူရဇော် (စိုက်ပျိုးရေး)

**သမိုင်းစာမျက်နှာတွေကို ပြန်လှန်ကြည့်ရင် "မြန်မာ" ဆိုတဲ့ နာမည်နဲ့အတူ ကမ္ဘာက လေးစားအသိအမှတ်ပြုခဲ့ရတဲ့ ဂုဏ်ပုဒ်တစ်ခုရှိခဲ့ဖူးပါတယ်။ အဲဒါကတော့ တခြားမဟုတ်ပါဘူး။ ကမ္ဘာ့အစားအသောက်တွေကို ပြည့်စုံခမ်းနားစေခဲ့တဲ့ "ကမ္ဘာ့ဆန်အိုးကြီး"ဆိုတဲ့ ဂုဏ်ပုဒ်ပါပဲ။**

ကျွန်တော်တို့ရဲ့ မိခင်လယ်ယာမြေက ထွက်ရှိတဲ့ ဆန်စပါးတွေဟာ ပြည်တွင်းကို ဖူလုံစေရုံတင်မကဘဲ နိုင်ငံတကာဈေးကွက်အထိ ရွှေရောင်တောက်ပခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဒါဟာ အတိတ်က ပုံပြင်တစ်ပုဒ်လိုပဲ အချိန်အတော်ကြာ မေးမှိန်နေခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ သတင်းကောင်းတစ်ခုကတော့ အခုအချိန်မှာ အဲဒီမေးမှိန်နေတဲ့ အိပ်မက်တွေကို ပြန်လည်အသက်သွင်းဖို့ မျှော်လင့်ချက်တံခါးတွေ ပြန်ပွင့်လာနေပြီ ဖြစ်ပါတယ်။

ကမ္ဘာ့ဈေးကွက်ဆိုတာ အမြဲတမ်း ပြောင်းလဲနေပြီး အရည်အသွေးမြင့်မားမှုကိုသာ တောင်းဆိုနေတာဖြစ်ပါတယ်။ အိမ်နီးနားချင်းနိုင်ငံတွေက နည်းပညာတွေနဲ့ ရှေ့ကို တစ်ဟုန်ထိုး တက်လှမ်းနေချိန်မှာ ကျွန်တော်တို့ဟာ ရိုးရာစိုက်ပျိုးထုတ်လုပ်မှု အစဉ်အလာဟောင်းတွေကြားမှာ ရုန်းကန်နေရဆဲ ဖြစ်ပါတယ်။ တစ်ချိန်က ရွှေခေတ်ဂုဏ်ရှိန်ကို ပြန်လည်ရယူဖို့ဆိုတာ အစိုးရ သို့မဟုတ် ပြင်ပအင်အားစုတစ်ခုခုရဲ့ ကူညီပံ့ပိုးမှုကိုပဲ ထိုင်စောင့်နေလို့မရပါဘူး။ အဓိကသော့ချက်ကတော့ လယ်ကွင်းထဲက တောင်သူဦးကြီးတွေနဲ့ လယ်ယာစီးပွားလုပ်ငန်းရှင်တွေရဲ့ လက်တွေ့ကျကျ ကြိုးပမ်းအားထုတ်မှုနဲ့ အရည်အသွေးပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုတွေပဲ ဖြစ်ပါတယ်။

**ကမ္ဘာ့ဈေးကွက်က တောင်းဆိုလာတဲ့ အခွင့်အရေးတွေကို ရဲရဲဝံ့ဝံ့ဆုပ်ကိုင်**

**ကျွန်တော်တို့ရဲ့ မြေဆီလွှာက ကောင်းမွန်ဆဲဖြစ်သလို တောင်သူတွေရဲ့ ကြိုးစားအားထုတ်မှုကလည်း လျော့မသွားပါဘူး။ လိုအပ်နေတာကတော့ ခေတ်မီတဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ နိုင်ငံတကာစံနှုန်းမီ စိုက်ပျိုးထုတ်လုပ်မှုစနစ် (GAP)ကို ကူးပြောင်းဖို့နဲ့ ခေတ်မီဆန်စက်ကြီးတွေနဲ့ အရည်အသွေးမြင့် ဆန်ချောတွေ ထုတ်လုပ်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ကိုယ့်အားကိုယ်ကိုးပြီး ကျွန်တော်တို့ဘက်က အဆင်သင့်ဖြစ်နေအောင် ပြင်ဆင်နိုင်မှသာ ကမ္ဘာ့ဈေးကွက်က တောင်းဆိုလာတဲ့ အခွင့်အရေးတွေကို ရဲရဲဝံ့ဝံ့ ဆုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။**

ကျွန်တော်တို့ ကမ္ဘာ့ဆန်ဈေးကွက်သမိုင်းရဲ့ အထွတ်အထိပ်မှာ ရပ်တည်ခဲ့စဉ်က အခုလောက် ပြိုင်ဆိုင်မှု မပြင်းထန်သေးသလို စားသုံးသူတွေရဲ့ တောင်းဆိုချက်ကလည်း အရေအတွက်အပေါ်မှာပဲ အဓိကအခြေခံခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ခေတ်ကာလတွေ ပြောင်းလဲလာတာနဲ့အမျှ ကမ္ဘာ့ဆန်ဈေးကွက်ဟာ အရေအတွက်ထက် အရည်အသွေးကိုသာ အဓိက ဦးစားပေးရွေးချယ်လာကြပါတယ်။

အဲဒီလို ပြောင်းလဲလာတဲ့ လိုအပ်ချက်အရ တောင်သူဦးကြီးတွေရော လုပ်ငန်းရှင်တွေပါ အဓိကရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုကြီး သုံးရပ် ရှိနေပါတယ်။

ပထမဆုံးအချက်က **"မျိုးကောင်းမျိုးသန့်ရှားပါးမှုနဲ့ သွင်းအားစု ကုန်ကျစရိတ်မြင့်မားခြင်း"** ပါပဲ။ လယ်ကွင်းထဲမှာ သန့်စင်တဲ့ မျိုးစေ့တွေကို စနစ်တကျမသုံးစွဲနိုင်ဘဲ ရောနှောနေတဲ့ မျိုးဟောင်းတွေကိုသာ ဆက်စိုက်နေတာကြောင့် ထွက်ရှိလာတဲ့ စပါးဟာ အရည်အသွေး မညီမညာဖြစ်ရပါတယ်။

ဒါတင်မကသေးပါဘူး။ လက်ရှိ ကမ္ဘာ့နိုင်ငံရေးအခြေအနေတွေနဲ့ ပဋိပက္ခတွေကြောင့် ကမ္ဘာ့ဈေးကွက်မှာ စိုက်ပျိုးရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနဲ့ စက်သုံးဆီဈေးနှုန်းတွေက တရိပ်ရိပ်မြင့်တက်နေပါတယ်။ ဒီလိုကမ္ဘာ့ရေးရာ အခင်းအကျင်းတွေကြောင့် အနာဂတ်မှာ သွင်းအားစုစရိတ်တွေက အခုထက် ပိုပြီး ခက်ခဲလာနိုင်တဲ့ အလားအလာတွေ ရှိနေပါတယ်။



စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းမှ အောင်မြင်ဖြစ်ထွန်းနေသော စပါးစိုက်ခင်းများ။

ဒီလို ပြင်ပကမ္ဘာ့ဖိအားတွေကြားထဲကနေ တောင်သူဦးကြီးတွေ စိုက်ပျိုးစရိတ် ဝန်ထုပ်ဝန်ပိုး လျော့ကျသွားဖို့နဲ့ ရေရှည်ကြံ့ကြံ့ခံနိုင်ဖို့အတွက် ကျွန်တော်တို့ဘက်က ပိုပြီးတော့ အမြော်အမြင်ရှိရှိ ပြင်ဆင်ကြရတော့မှာဖြစ်ပါတယ်။

**ခေတ်နောက်ကျနေတဲ့ ကြိတ်ခွဲမှုစနစ်**

ဒုတိယအချက်က **"ခေတ်နောက်ကျနေတဲ့ ကြိတ်ခွဲမှုစနစ်"** ဖြစ်ပါတယ်။ ကမ္ဘာ့ဈေးကွက်မှာ ဝယ်လိုအားရှိတာက အဆန်ရှည်ပြီး ဆန်ကွဲမပါသလောက် နည်းပါးတဲ့ ဆန်ချောမျိုးဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဆီက ဆန်စက်အများစုဟာ ခေတ်မီနည်းပညာအားနည်းတာကြောင့် ကြိတ်ခွဲတဲ့အခါ ဆန်ကွဲများပြားပြီး နိုင်ငံတကာစံနှုန်းမီအောင် မထုတ်လုပ်နိုင်တာကြောင့် ဈေးကောင်းမရဘဲ ဖြစ်နေရပါတယ်။

နောက်ဆုံးအချက်ကတော့ **"Supply Chain ခေါ် ထုတ်လုပ်မှုကွင်းဆက် တည်ငြိမ်မှုမရှိခြင်း"** ပါပဲ။ တောင်သူက စိုက်ပျိုးထုတ်လုပ်လိုက်တဲ့ စပါးဟာ ကြားပွဲစားအဆင့်ဆင့်ကို ဖြတ်သန်းရတာကြောင့် တောင်သူလည်း ထိုက်တန်တဲ့အမြတ်မရ၊ ကုန်သည်လုပ်ငန်းရှင်ဘက်ကလည်း အရည်အသွေးမှန်ကန်တဲ့ဆန်စပါးကို အချိန်မှန်မရနိုင်တဲ့ ပြဿနာတွေရှိနေပါတယ်။

ဒီစိန်ခေါ်မှုတွေကို ကျွန်တော်တို့ ရင်ဆိုင်အဖြေမရှာနိုင်သရွေ့ ရွှေခေတ်ကို ပြန်လှမ်းဖို့ အလှမ်းဝေးနေဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအတားအဆီးတွေကိုကျော်လွှားပြီး လက်တွေ့ဘယ်လိုခြေလှမ်းမျိုးနဲ့ ရှေ့ဆက်ကြမလဲဆိုတာက အရေးကြီးလာပြီ ဖြစ်ပါတယ်။

**မြန်မာ့ဆန်စပါးကဏ္ဍရဲ့ အသက်သွေးကြောဟာ လယ်ကွင်းထဲက တောင်သူဦးကြီးတွေပဲဖြစ်ပြီး ရွှေခေတ်ကို ပြန်လည်ထူထောင်ဖို့အတွက် အရေးအကြီးဆုံးကတော့ အမြင်ဟောင်းတွေကို စွန့်လွှတ်၊ နိုင်ငံတကာအဆင့်အထိ မျှော်မှန်းနိုင်မယ့် ဈေးကွက်စီးပွားရေးအမြင်နဲ့ ပုံစံပြောင်းလဲကြဖို့ ဖြစ်ပါတယ်။**

ပထမဆုံး ပြောင်းလဲရမယ့်အချက်က **"မျိုးကောင်းမျိုးသန့်ကို အလေးထားခြင်း"** ပါပဲ။ မိမိတို့ စိုက်ပျိုးချင်တဲ့ စပါးထက် နိုင်ငံတကာဈေးကွက်က တောင်းဆိုနေတဲ့၊ ဈေးကောင်းရနိုင်တဲ့ မျိုးသန့်တွေကို ရွေးချယ်စိုက်ပျိုးဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် **မြန်မာ့ကိုယ်ပိုင်အမှတ်တံဆိပ် ပေါ်ဆန်းမွှေးလိုမျိုး** ထူးခြားတဲ့ ဆန်စပါးမျိုးတွေကို စိုက်ပျိုးကြရပါမယ်။ မျိုးသန့်ရင် အထွက်နှုန်းတင်မကဘဲ ဈေးကွက်တန်ဖိုးပါ နှစ်ဆတက်လာမှာ ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ **"GAP စံနှုန်းအတိုင်း စနစ်တကျစိုက်ပျိုးခြင်း"** ဖြစ်ပါတယ်။ ယနေ့ခေတ် ကမ္ဘာ့စားသုံးသူတွေဟာ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးကို အလွန်အလေးထားကြပါတယ်။ ပိုးသတ်ဆေးနဲ့ ဓာတ်မြေဩဇာတွေကို အလွန်အကျွံသုံးစွဲပြီး စိုက်ပျိုးတဲ့ဆန်မျိုးကို နိုင်ငံတကာဈေးကွက်က ဘယ်တော့မှ လက်ခံမှာ မဟုတ်ပါဘူး။ ဒါကြောင့် ဓာတုအကြွင်းအကျန် ကင်းစင်ပြီး သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေတဲ့ Good Agricultural Practices (GAP) စံနှုန်းတွေကိုတောင်သူဦးကြီးတွေကိုယ်တိုင် စိတ်ဝင်တစားလေ့လာပြီး လက်တွေ့ကျင့်သုံးကြဖို့ တိုက်တွန်းချင်ပါတယ်။

> ❛ **မြန်မာ့ဆန်စပါးကဏ္ဍရဲ့ အသက်သွေးကြောဟာ လယ်ကွင်းထဲက တောင်သူဦးကြီးတွေပဲဖြစ်ပြီး ရွှေခေတ်ကို ပြန်လည်ထူထောင်ဖို့အတွက် အရေးအကြီးဆုံးကတော့ အမြင်ဟောင်းတွေကို စွန့်လွှတ်၊ နိုင်ငံတကာအဆင့်အထိ မျှော်မှန်းနိုင်မယ့် ဈေးကွက်စီးပွားရေးအမြင်နဲ့ ပုံစံပြောင်းလဲကြဖို့ဖြစ်ပါတယ်** ❜

တောင်သူဦးကြီးတွေက လယ်ကွင်းထဲမှာ အရည်အသွေးမြင့်စပါးတွေကို အပင်ပန်းခံ စိုက်ပျိုးထုတ်လုပ်ပေးလိုက်ပြီဆိုရင် အဲဒီစပါးတွေကို နိုင်ငံတကာက ငွေပုံပေးဝယ်ချင်ရလောက်အောင် **"ရောင်းတမ်းဝင် တန်ဖိုးမြှင့်ထုတ်ကုန်"** အဖြစ် ပြောင်းလဲပေးရမယ့် တာဝန်ကတော့ လယ်ယာစီးပွားလုပ်ငန်းရှင်တွေရဲ့ ပခုံးပေါ်မှာရှိနေပါတယ်။ နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်ဖို့ဆိုတာ ကုန်သည်လုပ်ငန်းရှင်တွေရဲ့ ယုံကြည်မှု၊ အမြင်သစ်၊ အတွေးသစ်နဲ့ ရဲရဲဝံ့ဝံ့ ရင်းနှီးမြှုပ်နှံမှုတွေအပေါ်မှာ အများကြီးမူတည်နေပါတယ်။

**ဆန်စက်တွေကို အဆင့်မြှင့်တင်**

ပထမဆုံးလုပ်ဆောင်ရမှာက **"ကြိတ်ခွဲမှုနည်းပညာနဲ့ ဆန်စက်တွေကို အဆင့်မြှင့်တင်ခြင်း"** ပဲ ဖြစ်ပါတယ်။ စပါးဘယ်လောက်ကောင်းကောင်း ခေတ်မမီတဲ့ ဆန်စက်တွေနဲ့ ကြိတ်ခွဲမယ်ဆိုရင် ဆန်ကွဲအထွက်များပြီး အရောင်အသွေး မညီမညာ ဖြစ်နေဦးမှာဖြစ်ပါတယ်။ ကမ္ဘာ့ဈေးကွက်က တောင်းဆိုချက်မှာ အမှုန်အမွှားကင်းစင်ပြီး တောက်ပြောင်ညီညာတဲ့ ဆန်မျိုးဖြစ်ပါတယ်။ ဒါကြောင့် လုပ်ငန်းရှင်တွေအနေနဲ့ ရေတိုအမြတ်ထက် ရေရှည်အကျိုးစီးပွားကို မျှော်ကိုးပြီး ခေတ်မီစက်ကိရိယာတွေနဲ့ ကြိတ်ခွဲထုတ်လုပ်မှုပိုင်းကို ကမ္ဘာ့အဆင့်မီအောင် ရဲရဲဝံ့ဝံ့ အဆင့်မြှင့်တင်ကြရပါမယ်။

ဒုတိယအချက်ကတော့ **"တောင်သူတွေနဲ့ လက်တွဲပြီး အကျိုးတူလယ်ယာစနစ် (Contract Farming) ဖော်ဆောင်ခြင်း"** ဖြစ်ပါတယ်။ ကုန်သည်ဆိုတာ စပါးပေါ်ချိန်မှ ဈေးနှိမ်ဝယ်ယူသူမဟုတ်ဘဲ တောင်သူတွေရဲ့ ရေရှည်မိတ်ဖက်ဖြစ်ရပါမယ်။ တောင်သူတွေ မျိုးကောင်းမျိုးသန့်နဲ့ သွင်းအားစုတွေ စနစ်တကျသုံးစွဲနိုင်အောင် ကြိုတင်ပံ့ပိုးပေးပြီး ထွက်လာတဲ့သီးနှံကို အာမခံဈေးနှုန်းနဲ့ ပြန်လည်ဝယ်ယူတဲ့စနစ်မျိုး တည်ဆောက်ရပါမယ်။ ဒါမှသာ လုပ်ငန်းရှင်ဘက်ကလည်း နိုင်ငံတကာကို တင်ပို့ဖို့အတွက် အရည်အသွေးညီညာတဲ့ ဆန်စပါးပမာဏကို စိတ်ချလက်ချရရှိမှာ ဖြစ်ပါတယ်။

**မြန်မာ့ကိုယ်ပိုင် Brand အဖြစ် ထိုးဖောက်**

နောက်ဆုံးအနေနဲ့ **"မြန်မာ့ဆန်ကိုယ်ပိုင် Brand တည်ဆောက်ခြင်း"** ဖြစ်ပါတယ်။ ဆန်ကို အိတ်ကြီးတွေနဲ့ ဒီအတိုင်း တင်ပို့တာထက် စနစ်တကျသန့်စင်၊ စံချိန်စံညွှန်းသတ်မှတ်ပြီး ဆွဲဆောင်မှုရှိတဲ့ ထုပ်ပိုးမှုစနစ်တွေနဲ့ ကမ္ဘာ့ဈေးကွက်ထဲကို မြန်မာ့ကိုယ်ပိုင် Brand အဖြစ် ထိုးဖောက်ရပါမယ်။ အထူးသဖြင့် မြန်မာ့ပေါ်ဆန်းမွှေးလိုမျိုး ကမ္ဘာ့အကောင်းဆုံးဆန်ဆုရဖူးတဲ့ ထူးခြားဆန်မျိုးကို နိုင်ငံတကာက တန်ဖိုးထားစားသုံးရတဲ့ Premium အဆင့်မြင့် Brand ဖြစ်လာအောင် လုပ်ငန်းရှင်တွေဘက်ကလည်း စဉ်းစားတွေးခေါ်မှုအသစ်တွေ၊ ဈေးကွက်ဗျူဟာအသစ်တွေနဲ့ နိုင်ငံတကာစားသုံးသူတွေရဲ့ ရင်ထဲအရောက် လှမ်းဝင်ကြဖို့ တိုက်တွန်းနှိုးဆော်ချင်ပါတယ်။

ကျွန်တော်တို့ ရိုးရာစနစ်ကနေ ခေတ်မီစိုက်ပျိုးထုတ်လုပ်မှုစနစ်ကို ပြောင်းလဲဖို့ တိုက်တွန်းတဲ့အခါ တောင်သူဦးကြီးတွေနဲ့ လုပ်ငန်းရှင်တွေ အဓိကရင်ဆိုင်ရတဲ့ လက်တွေ့ကျတဲ့ အခက်အခဲကတော့ မျိုးကောင်းမျိုးသန့်ဝယ်ဖို့၊ GAP စံနှုန်းမီအောင် ပြင်ဆင်ဖို့နဲ့ ခေတ်မီနည်းပညာတွေ သုံးဖို့ဆိုတာ ငွေကြေးစိုက်ထုတ်မှုတွေ လိုအပ်လှပါတယ်။ ဒီလိုအချိန်မှာ လက်တွေ့ကျကျ အားဖြည့်ပေးလာတာကတော့ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ပေးနေတဲ့ **"နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေ"** ပဲ ဖြစ်ပါတယ်။

ဒီရန်ပုံငွေဟာ သမားရိုးကျချေးငွေတွေလိုမဟုတ်ဘဲ လယ်ယာကဏ္ဍနဲ့ မိမိတို့ရဲ့ ဆန်စပါးထုတ်လုပ်မှုကွင်းဆက်(Supply Chain)တစ်ခုလုံး အမှန်တကယ်တိုးတက်လာစေဖို့ ရည်ရွယ်ပြီး မတည်ထုတ်ချေးပေးထားတဲ့ ရန်ပုံငွေဖြစ်ပါတယ်။ တောင်သူဦးကြီးတွေအနေနဲ့ ဒီရန်ပုံငွေကို အကျိုးရှိရှိအသုံးချပြီး မိမိတို့ရဲ့လယ်ယာမြေမှာ မျိုးကောင်းမျိုးသန့်တွေ ပြောင်းလဲစိုက်ပျိုးဖို့နဲ့ နည်းပညာမြှင့်တင်ဖို့အတွက် အမိအရ ဆုပ်ကိုင်ကြရပါမယ်။ **စာမျက်နှာ ၁၃ သို့** ❑

❑ စာမျက်နှာ ၁၂ မှ

ထို့အတူ လယ်ယာစီးပွားလုပ်ငန်းရှင်တွေ၊ ဆန်စက်ပိုင်ရှင်တွေအနေနဲ့လည်း ဒီရန်ပုံငွေအရင်းအနှီးတွေကို အခြေခံပြီး တောင်သူတွေနဲ့အကျိုးတူ လယ်ယာစနစ်ဖော်ဆောင်ရာမှာ လည်းကောင်း၊ အရည်အသွေးမြင့် ကြိတ်ခွဲစက်တွေအဖြစ် အဆင့်မြှင့်တင်ရာမှာလည်းကောင်း ထိရောက်စွာ အသုံးချကြရမှာဖြစ်ပါတယ်။

နိုင်ငံတော်က ပံ့ပိုးပေးထားတဲ့ ဒီလိုငွေကြေးအရင်းအနှီးအခွင့်အလမ်းတွေကို အလေအလွင့်မရှိဘဲ ထိထိရောက်ရောက် အသုံးချပြီး မိမိတို့ဘက်က အရည်အသွေးမြင့် ဆန်စပါးတွေကို အရှိန်အဟုန်နဲ့ ထုတ်လုပ်ကြခြင်းဖြင့် မြန်မာ့ဆန်စပါး ရွှေခေတ်ကို ပြန်လည်ပင့်တင်ရာမှာ အဓိက အထောက်အပံ့ကြီးတစ်ခုဖြစ်လာစေမှာ အသေအချာပဲ ဖြစ်ပါတယ်။

**တစ်ကျော့ပြန်ရွှေခေတ်ကို လှမ်းတက်ဖို့ အကောင်းဆုံးအချိန်အခါဖြစ်**

**စီးပွားရေးလောကမှာ အခွင့်အလမ်းဆိုတာ လှေကြုံလိုက်သလိုမျိုး အမြဲတမ်းပေါ်မနေတတ်ပါဘူး။ လက်ရှိ ကမ္ဘာ့ဆန်ဈေးကွက်မှာ ဝယ်လိုအားတွေပြောင်းလဲနေပြီး မြန်မာ့ဆန်စပါးကို နိုင်ငံတကာက စိတ်ဝင်တစား စောင့်ကြည့်နေတဲ့အချိန်ဟာ မိမိတို့အတွက် တစ်ကျော့ပြန်ရွှေခေတ်ကို လှမ်းတက်ဖို့ အကောင်းဆုံး အချိန်အခါဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအခွင့်အရေးကြီးကို ရှေ့တန်းကတောင်သူတွေနဲ့ လုပ်ငန်းရှင်တွေဘက်က အမိအရမဆုပ်ကိုင်နိုင်ဘူးဆိုရင် ကျွန်တော်တို့ ရေရှည်မှာ ကြီးမားတဲ့ဆုံးရှုံးမှုတွေနဲ့ရင်ဆိုင်ရမှာ သေချာပါတယ်။**

ဒါကြောင့် အခုအချိန်မှာ အရည်အသွေးမြှင့်တင်ဖို့ ပျက်ကွက်ခြင်းဟာ ရိုးရိုးလေး နောက်ကျကျန်ခဲ့တာမျိုးမဟုတ်ဘဲ မိမိတို့ရဲ့ အနာဂတ် ရွှေရောင်အခွင့်အလမ်းကို ကိုယ့်လက်နဲ့ကိုယ် ဖျက်ဆီးလိုက်သလိုဖြစ်သွားနိုင်တယ်ဆိုတာကို အလေးအနက် သတိပြုကြရမှာဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာ့ဆန်စပါးရဲ့ ရွှေခေတ်ကို ပြန်လည်ထူထောင်ရေးဆိုတာ စက္ကူပေါ်က အိပ်မက်တစ်ခုမဟုတ်သလို တစ်ဦးတစ်ယောက်တည်းရဲ့ ကြိုးပမ်းမှုနဲ့လည်း မအောင်မြင်နိုင်ပါ။ လယ်ကွင်းထဲက တောင်သူဦးကြီးတွေရဲ့ သွေးချွေး၊ စေတနာတွေနဲ့ လယ်ယာစီးပွားလုပ်ငန်းရှင်တွေရဲ့ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုအမြင်သစ်တွေ ဟန်ချက်ညီညီ ပေါင်းစပ်မိမှသာ သမိုင်းဝင်ဂုဏ်ဒြပ်ကို ပြန်လည်ဆုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့မှာ ကောင်းမွန်တဲ့ မြေဆီလွှာနဲ့ ကြိုးစားချင်စိတ်ရှိတဲ့ တောင်သူတွေရှိနေပြီးသား ဖြစ်ပါတယ်။ လိုအပ်နေတာက နိုင်ငံတကာဈေးကွက်က တောင်းဆိုနေတဲ့ **"အရည်အသွေး"** စံနှုန်းအတိုင်း ပြုပြင်ပြောင်းလဲဖို့ ရဲဝံ့တဲ့ခြေလှမ်းတွေသာ ဖြစ်ပါတယ်။ တောင်သူက GAP အတိုင်း စနစ်တကျစိုက်ပျိုးပြီး လုပ်ငန်းရှင်က ခေတ်မီနည်းပညာနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲပေးနိုင်ရင် မြန်မာ့ဆန်ဟာ ကမ္ဘာ့ထမင်းဝိုင်းတွေထက်မှာ ပြန်လည်နေရာရလာမှာ မလွဲဧကန် ဖြစ်ပါတယ်။

ကမ္ဘာ့ဈေးကွက်ဟာ ကျွန်တော်တို့ဘက်က အသင့်ဖြစ်၊ မဖြစ်ကို စောင့်ကြည့်နေပါတယ်။ အတိတ်က ဂုဏ်ယူစရာသမိုင်းကြောင်းကို ပုံပြင်တစ်ပုဒ်လို ထိုင်ပြောမနေဘဲ လက်ရှိပစ္စုပ္ပန်မှာ လက်တွေ့ကျကျ စတင်ပြောင်းလဲကြဖို့ အချိန်တန်ပြီဖြစ်လို့ မိမိတို့ကဏ္ဍအလိုက် အရည်အသွေးမြှင့်တင်ရေးကို အခုပဲ ညီညီညွတ်ညွတ်နဲ့ လက်တွဲလုပ်ဆောင်ရင်း **"မြန်မာ့ဆန်စပါးရဲ့ ရွှေခေတ်ကို ပြန်လည်ထူထောင်ကြပါစို့"**ဟု တိုက်တွန်းရေးသားလိုက်ရပါတယ် ခင်ဗျာ။ ။

## ညောင်လေးပင်မြို့နယ်၌ မိခင်မှကလေးသို့ခုခံကျကာလသားရောဂါကူးစက်မှုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်



ညောင်လေးပင် ဇွန် ၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ မိခင်မှကလေးသို့ ခုခံကျကာလသားရောဂါကူးစက်မှုကာကွယ်ရေးလုပ်ငန်းများကို ဇွန် ၆ ရက်က မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးရာ၌ ဇွန် ၅ ရက်တွင် မိခင်နှင့်ကလေးကျန်းမာရေးဌာန ညောင်လေးပင်မြို့တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ခင်ပွန်းများအား သွေးဖောက်စစ်ဆေးပေးခြင်း၊ကျန်းမာရေးအသိပညာပေးခြင်းတို့အား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာစောကလျာကဦးဆောင်၍အခြေခံကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်မောင်လွင်(ညောင်လေးပင်)



## လေးမျက်နှာမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

လေးမျက်နှာ ဇွန် ၇

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို အထက အိုင်သပြုကျောင်းဝင်းအတွင်း၌ ဇွန် ၅ ရက်က ကျင်းပသည်။

ဦးစွာ ဒုတိယဦးစီးမှူး ဦးအောင်ကျော်မင်းနှင့် တာဝန်ရှိသူများက ပျိုးပင်များဖြန့်ဝေပေးခဲ့ပြီး ကျွန်းပင် ၂၀၊ ခရေ ၁၀ ပင်၊ ကံ့ကော် ၁၀ ပင်၊ ဗာဒံပင် ၂၀၊ မဟော်ဂနီပင် ၂၅၀၊ မန်ကျည်းရှားပင် ၃၂၀၊ ပျဉ်းကတိုးပင် ၁၂၀၊ စိန်ပန်းပင် ၅၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါမိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေး အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ပြည်သူများ၊ ဆရာဆရာမများနှင့်ကျောင်းသား ကျောင်းသူများက ပူးပေါင်းပါဝင်စိုက်ပျိုးခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

## ရမည်းသင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရမည်းသင်း ဇွန် ၇

မန္တလေးတိုင်းဒေသကြီး စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၂၁ နှစ်အောက် အမျိုးသားဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ခရိုင်အားကစားကွင်းတွင် မေ ၂၇ ရက် မှ ဇွန် ၆ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ယမန်နေ့မွန်းလွဲ ၃ နာရီက ဗိုလ်လုပွဲအဖြစ် PBE- FC နှင့် ပျော်ဘွယ် Star အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ PBE- FC မှ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



ဆက်လက်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)






## မိုးညှင်းမြို့၌ စာကြည့်တိုက်မှူးသင်တန်းဖွင့်

မိုးညှင်း ဇွန် ၇

ကချင်ပြည်နယ် မိုးညှင်းမြို့၌ စာကြည့်တိုက်မှူး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၅ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြသိန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။


ထိုသင်တန်းကို ဟဲလုံခေတ်မီစံပြကျေးရွာနှင့် သာယာကုန်းခေတ်မီစံပြကျေးရွာမှ စာကြည့်တိုက်ကော်မတီဝင်များနှင့်တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရွှေမိုးညှင်း

ပညာ ရွှေအိုး
လူမခိုး

ပညာ ရဲရင့်
ပွဲလယ်တင့်

# ပါကစ္စတန်နိုင်ငံ၌ စားရေရိက္ခာဖူလုံရေးဆိုင်ရာ မဟာဗျူဟာချမှတ်ဆောင်ရွက်



**အစ္စလာမာဘတ် ဇွန် ၇**

ပါကစ္စတန်အစိုးရအနေဖြင့် နိုင်ငံအတွင်း စားရေရိက္ခာဖူလုံရေး၊ အစားအသောက်ဘေးကင်းလုံခြုံရေးနှင့် စိုက်ပျိုးသီးနှံများ မြှင့်တင်ထုတ်လုပ်ရေးအတွက် ပြီးပြည့်စုံသည့် မဟာဗျူဟာချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှာဗတ်ရှာရစ်က ဇွန် ၇ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်အနေဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့်ပူးပေါင်းကာ ရောဂါပိုးမွှားကင်းပြီး အာဟာရပြည့်ဝသည့် အစားအသောက်များ ထုတ်လုပ်ရေး မြှင့်တင်ဆောင်ရွက်မည် ဖြစ်ကြောင်း ကမ္ဘာ့စားရေရိက္ခာဘေးကင်းလုံခြုံရေးနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာတွင် ၎င်းကပြောကြားသည်။

စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် လယ်သမားများ၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူများ၊ သုတေသီများအားဂုဏ်ပြုကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ ပါကစ္စတန်နိုင်ငံတွင် ယခုနှစ်ကျင်းပသည့် ကမ္ဘာ့စားရေရိက္ခာဘေးကင်းလုံခြုံရေးနေ့၏ ဆောင်ပုဒ်ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး အစားအသောက်မှတစ်ဆင့် ဖြစ်လာသည့် ရောဂါပိုးမွှားများကို ကာကွယ်မည်ဟု ၎င်းကပြောကြားသည်။

နိုင်ငံအတွင်း စိုက်ပျိုးမြေလုံလောက်စွာရှိခြင်း၊ အရင်းအမြစ်များကြွယ်ဝခြင်းနှင့် လုပ်ငန်းကျွမ်းကျင်သည့် လယ်သမားများရှိခြင်း စသည့်အားသာချက်များရှိသကဲ့သို့ ရာသီဥတုပြောင်းလဲမှု၊ ရေရှားပါးမှု၊ လူဦးရေများပြားမှုနှင့် သုတေသနလုပ်ငန်းများကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နိုင်ခြင်း စသည့်အားနည်းချက်များလည်းရှိကြောင်း ၎င်းကပြောကြားသည်။ ယင်းအားနည်းချက်များကို ဖြေရှင်းဆောင်ရွက်ရေးအတွက် အမျိုးသားစားရေရိက္ခာဖူလုံရေးနှင့် သုတေသနဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်နေကြောင်း ၎င်းကပြောကြားသည်။ နိုင်ငံသားများအနေဖြင့် အစားအသောက်ဘေးကင်းရေး စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ၎င်းကပန်ကြားခဲ့သည်။

**ကိုးကား -ဆင်ဟွာ၊ ဘာသာပြန် -စိုးသူရ**

# အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ် တိုလီဒိုမြို့ရှိ ပွဲတော်တစ်ခုအနီး သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ အနည်းဆုံး ၁၂ ဦး ထိခိုက်ဒဏ်ရာရ

**ဝါရှင်တန် ဇွန် ၇**

အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ် တိုလီဒိုမြို့ရှိ ပွဲတော်တစ်ခုအနီးတွင် ဇွန် ၆ ရက်က သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၂ ဦး ထိမှန်ခဲ့ပြီး ၎င်းတို့အနက် နှစ်ဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုသည် သေနတ်သမားများအချင်းချင်း အပြန်အလှန်ပစ်ခတ်ကြပုံပေါ်ကြောင်း တိုလီဒိုမြို့ ဒုတိယရဲမှူးကြီး ဂျိုး ဟက်ဖာနန်က ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့အနေဖြင့် သံသယရှိသူများကို ဆက်လက်ရှာဖွေနေပြီး ပတ်ဝန်းကျင်အနီးအနားရှိနေရာများသို့ မသွားရောက်ကြရန် အများပြည်သူများအား သတိပေးထားကြောင်း သိရသည်။

တိုလီဒိုရဲတပ်ဖွဲ့မှ ရဲအရာရှိများသည် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၃၇ မိနစ်တွင် Old West End ပွဲတော်အနီးရှိ နေရာတစ်ခု၌ လူတစ်ဦး သေနတ်ပစ်ခံရကြောင်း သတင်းပို့ချက်အရ သွားရောက်စစ်ဆေးခဲ့ရာ သေနတ်မှန်ထားသူအများအပြားကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိသူများကို ဆေးကုသမှုခံယူရန် ဆေးရုံများသို့ပို့ဆောင်ခဲ့ကြောင်း ရဲအရာရှိများက ပြောကြားခဲ့သည်။အဆိုပါ Old West End ပွဲတော်သည် တေးဂီတဖျော်ဖြေပွဲများ၊ အစားအစာဈေးတန်းများ၊ အိမ်တွင်း လှေလှောရေးခရီးစဉ်များနှင့် ဈေးဝယ်ထွက်ခြင်းအစီအစဉ်များ ပါဝင်သည့် နှစ်ရက်တာကျင်းပသော ပွဲတော်တစ်ခု ဖြစ်သည်။

**ကိုးကား - ဆင်ဟွာ ဘာသာပြန် - အောင်ကျော်ကျော်**




# အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းငါးဦးသေဆုံးပြီး ၁၀ ဦးထက်မနည်း ဒဏ်ရာရ

**ဂျေရုဆလင် ဇွန် ၇**

ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း ခန်ယူနစ်မြို့အနောက်ဘက် အယ်လ်မာဝါစီဒေသတွင်း ဟားမတ်စ်စခန်းတစ်ခုကို အစ္စရေးက လေကြောင်းတိုက်ခိုက်မှုတစ်ခု ပြုလုပ်ခဲ့ရာ ပါလက်စတိုင်းငါးဦး သေဆုံးပြီး ၁၀ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်း ဆေးဘက်နှင့် လုံခြုံရေးဆိုင်ရာ အရင်းအမြစ်များက ပြောကြားခဲ့သည်။ အစ္စရေးလေယာဉ်များက အဆိုပါဒေသရှိစခန်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ထိခိုက်သေဆုံးမှုများရှိခဲ့ကြောင်း သိရသည်။

တိုက်ခိုက်မှုဖြစ်ပွားရာနေရာမှ သေဆုံးသူငါးဦး၏ ရုပ်အလောင်းများနှင့် ဒဏ်ရာရရှိသူ ၁၀ ဦးထက်မနည်းကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း ပါလက်စတိုင်း လခြမ်းနီအသင်းက ပြောကြားခဲ့သည်။

အစ္စရေး၏အရှိန်အဟုန်မြှင့်လုပ်ဆောင်လာသော မူဝါဒများနှင့် အခြေချနေထိုင်သူများအား အကြမ်းဖက်လုပ်ရပ်များသည် ထိုဒေသကို ပိုမိုပျက်စီးစေရန် တွန်းပို့နေခြင်းဖြစ်ကြောင်း ပါလက်စတိုင်းသမ္မတရုံးက ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် ဂါဇာ၌ အပစ်အခတ်ရပ်စဲရေး စတင်အသက်ဝင်ခဲ့ပြီးနောက်ပိုင်း အစ္စရေး၏ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းလူမျိုး ၉၅၁ ဦး သေဆုံးခဲ့ရပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှစတင်ကာ စုစုပေါင်းသေဆုံးသူဦးရေမှာ ၇၂၉၆၁ ဦးအထိရှိကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးအာဏာပိုင်များ၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အီဘိုလာရောဂါဆိုင်ရာဆေးဝါးပစ္စည်းများ ဇမ်ဘီယာနိုင်ငံသို့ လွှဲပြောင်းပေးအပ်




**လူဆာကာ ဇွန် ၇**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံတို့တွင် ဖြစ်ပွားနေသော အီဘိုလာရောဂါကူးစက်ပြန့်ပွားမှုကို တုံ့ပြန်ရန်နှင့် ကြိုတင်ပြင်ဆင်မှုများအားကောင်းစေရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆေးဝါးနှင့် ဆေးပစ္စည်းများကို ဇမ်ဘီယာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အမေရိကန်ဒေါ်လာ ၂၂၀၀၀ တန်ဖိုးရှိ အဆိုပါထောက်ပံ့မှုများတွင် ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများ၊ ရောဂါရှာဖွေရေးနမူနာ သယ်ယူပို့ဆောင်ရေးပစ္စည်းများနှင့် ဓာတ်ခွဲခန်းသုံး ပစ္စည်းများ ပါဝင်သည်။

အဆိုပါထောက်ပံ့မှုသည် ဇမ်ဘီယာနိုင်ငံ၏ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းကို အားကောင်းလာစေရန် ပံ့ပိုးကူညီပေးသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကတိကဝတ်ကို ပြသရာရောက်ကြောင်း ဇမ်ဘီယာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကိုယ်စားလှယ် ကလီးမန့် ပီတာ လာဆူဘာက ပြောကြားခဲ့သည်။ အီဘိုလာရောဂါ သံသယရှိသူများကို ရောဂါရှာဖွေစမ်းသပ်နိုင်သည့် ဇမ်ဘီယာ၏ စွမ်းဆောင်ရည်ကို သိသိသာသာ မြှင့်တင်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဇမ်ဘီယာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်တစ်ရပ် ရေးဆွဲခြင်းနှင့် အခြားသောကြိုတင်ကာကွယ်ရေး အစီအမံများကို အကောင်အထည်ဖော်ခြင်းအပါအဝင် နိုင်ငံအတွင်း ကြိုတင်ပြင်ဆင်မှုများအတွက် ယခုအချိန်အထိ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လာဆူဘာက ဇမ်ဘီယာအာဏာပိုင်များကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနနှင့် ပူးပေါင်းကာ ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်ရန်၊ ထိခိုက်ခံစားရသည့် နိုင်ငံများကို ပံ့ပိုးကူညီရန်နှင့် ကွန်ဂိုနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော နိုင်ငံများသို့ ရောဂါပြန့်ပွားမသွားစေရန်အတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်တစ်ရပ်ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ ဘာသာပြန် - အောင်ကျော်ကျော်**

# ရဝမ်ဒါနိုင်ငံ၌ အီဘိုလာရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ကီဂါလီ ဇွန် ၇**

ရဝမ်ဒါနိုင်ငံသည် အီဘိုလာရောဂါတိုက်ဖျက်ရေးအတွက် ရောဂါကာကွယ်ရေး၊ စောင့်ကြည့်ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဂျက်စတင် အမ်ဆန်ဆီအိုင်ယူမြာက ပြောကြားသည်။

နိုင်ငံသားများ၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝထိခိုက်မှုမရှိစေဘဲ ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ နိုင်ငံသားများအနေဖြင့် ရောဂါကူးစက်မှုများကို သတိဝီရိယရှိကြရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ရန် ၎င်းက မှတ်ချက်ပြုပြောကြားသည်။ ရောဂါကာကွယ်ရေးလုပ်ငန်းများအဖြစ် လူထုဆက်သွယ်ရေးစနစ်မြှင့်တင်ခြင်း၊ ရောဂါစောင့်ကြည့်ထိန်းချုပ်ခြင်း၊ ရောဂါရှာဖွေကုသခြင်း၊ ကုသရေးဆိုင်ရာလုပ်ငန်းများစီမံခန့်ခွဲခြင်းနှင့် ကုသရေးစင်တာများဖွင့်လှစ်ခြင်းတို့ကိုဆောင်ရွက်နေကြောင်း ကျန်းမာရေးဝန်ကြီး ဆာဗင် အင်န်ဆန်ဇီမာနာက ပြောကြားခဲ့သည်။

ရဝမ်ဒါနိုင်ငံတွင် အီဘိုလာရောဂါဖြစ်ပွားမှုများ မတွေ့ရှိရသေးသော်လည်း ရောဂါကုသရေးဆိုင်ရာတုံ့ပြန်ရေးအဖွဲ့များကို ဖွဲ့စည်းထားပြီး အိမ်နီးချင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံတို့တွင် အီဘိုလာရောဂါကူးစက်မှုအခြေအနေများနှင့်ပတ်သက်၍ အများပြည်သူသို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ၎င်းကပြောကြားခဲ့သည်။

နိုင်ငံအတွင်းရှိ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများတွင် အီဘိုလာရောဂါမျိုးစိတ်သစ်များကို ရှာဖွေနိုင်ရန် ကျွမ်းကျင်သည့်ဝန်ထမ်းများအား တာဝန်ပေးထားကြောင်း ၎င်းကပြောကြားသည်။ ရဝမ်ဒါနိုင်ငံမှ တာဝန်ရှိသူများသည် ပြီးခဲ့သည့်လအတွင်းက ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံမှ ရောက်ရှိလာသူများအား ကန့်သတ်စောင့်ကြည့်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်သုံးထပ်လူနေ အဆောက်အအုံသုံးလုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၄၂ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇွန် ၇

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်လူနေ အဆောက်အအုံ သုံးလုံးကို ထပ်မံ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။

**စနစ်တကျဖြိုချဖျက်ဆီး**

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ်လူနေအဆောက်အအုံသုံးလုံးကိုယာဉ်ယန္တရားများအသုံးပြု၍ စနစ်တကျထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၄၂ လုံးအား စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၃၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများ မဖြိုဖျက်မီ(ဝဲပုံ)နှင့် ဖြိုဖျက်ပြီး(ယာပုံ)ကို တွေ့ရစဉ်။



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများ မဖြိုဖျက်မီ(ဝဲပုံ)နှင့် ဖြိုဖျက်ပြီး(ယာပုံ)ကို တွေ့ရစဉ်။

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

ဘုတ်ပြင်း ဇွန် ၇

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဇွန် ၅ ရက်က အောက်လိပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ တာကလေးမြို့သစ် ပြည်လုံးချမ်းသာဘုရားတန်ဆောင်းဝင်းအတွင်း၌ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ဇွန် ၅ ရက်က သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးကြစဉ်။ ခရိုင်(ပြန်/ဆက်)



## အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသားနှစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် ဇွန် ၇

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှု အပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသား တစ်ဦးနှင့် ရုရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား နှစ်ဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန် ၇ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၀၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကိုစစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၂၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၈၂ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက်ကျန်ရှိသည့် ပြည်ပနိုင်ငံသား၅၂၀တို့အားသက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန



# ‘မှို’ သို့မဟုတ် ‘သဘာဝကပေးသည့် ထူးခြားသော လက်ဆောင်’

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။
(၂၀၂၆ခုနှစ် ၊ မေလ)

၁

## သဘာဝကပေးသည့် ထူးခြားသောလက်ဆောင်



‘မှို’သည် ကယ်လိုရီဓာတ် နည်းပါးစွာ ပါဝင်၍ ပရိုတင်းဓာတ်၊ အမျှင်ဓာတ်၊ ဗီတာမင်များနှင့် သတ္တုဓာတ်များ ကြွယ်ဝသော သဘာဝကပေးသည့် ထူးခြားသောလက်ဆောင်ဖြစ်ပါသည်။

## မှို၏ အာဟာရတန်ဖိုးများ

မှို (၁၀၀) ဂရမ် (၆ ကျပ်သားခန့်) တွင် -

- ကယ်လိုရီ (၂၂) မှ (၃၅) ကယ်လိုရီခန့်၊
- ရေဓာတ် (၈၀) မှ (၉၀) ရာခိုင်နှုန်းခန့်၊
- အသားဓာတ် (၃.၁) ဂရမ်ခန့် (ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများအတွက် အရေးပါသည့် အမိုင်နိုအက်စစ်များစွာပါဝင်ပါသည်)၊
- အဆီဓာတ် (၀.၃) ဂရမ်ခန့် (အဆီဓာတ်နှင့် ကိုလက်စထရောအဆီများ ပါဝင်မှုနည်းပါးပါသည်)၊
- အမျှင်ဓာတ် (Fiber) (၁) မှ (၂) ဂရမ်ခန့်တို့ ပါဝင်ပါသည်။

၂

## မှိုတွင်ပါဝင်သော အာဟာရဓာတ်များ

- ဗီတာမင် ဒီ၊
- ဗီတာမင် ဘီအုပ်စု (Riboflavin - B2၊ Niacin - B3 ၊ Pantothenic Acid - B5)၊
- ဆီလီနီယမ်၊
- ပိုတက်စီယမ်၊
- ကြေးနီသတ္တုဓာတ်၊
- ဓာတ်တိုး ဆန့်ကျင်ပစ္စည်းများ (Antioxidants)ဖြစ်သည့် Ergothioneine နှင့် Glutathione၊
- အမျှင်ဓာတ် (Beta-glucans) တို့ ပါဝင်ပါသည်။



၃

## မှို၏ ကျန်းမာရေးအကျိုးကျေးဇူးများ

- ဗီတာမင် ဒီ နှင့် ဗီတာမင် ဘီအုပ်စုသည် ခန္ဓာကိုယ်အတွက် လိုအပ်သော စွမ်းအင်ထုတ်လုပ်မှုနှင့် အာရုံကြောစနစ်အတွက် အထူးကောင်းမွန်ပါသည်၊
- ဆီလီနီယမ်သည် ခန္ဓာကိုယ်၏ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးပါသည်၊
- ပိုတက်စီယမ်နှင့် ကြေးနီသတ္တုဓာတ်များသည် သွေးပေါင်ချိန် ထိန်းညှိခြင်း၊ နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုခြင်း၊ သွေးနီဥဆဲလ်များ ဖြစ်ပေါ်စေခြင်းနှင့် အရိုးများခိုင်မာစေခြင်းတို့အတွက် ကူညီပေးပါသည်၊
- ဓာတ်တိုး ဆန့်ကျင်ပစ္စည်းများ (Antioxidants)ဖြစ်သည့် Ergothioneine နှင့် Glutathione သည် ဆဲလ်များရောင်ရမ်းမှုနှင့် ပျက်စီးမှုကို ကာကွယ်ပေးပါသည်၊
- အမျှင်ဓာတ် (Beta-glucans) သည် သွေးတွင်း အဆီဓာတ်ကို လျော့ကျစေပြီး ကိုယ်ခံအားကို အားကောင်းမွန်စေပါသည်၊
- အမျှင်ဓာတ်များစွာ ပါဝင်သောကြောင့် လူ၏ အစာချေစနစ်ကို အထောက်အကူပြုပါသည်။

၄

## မှို၏ အသုံးဝင်မှုများ

ဆေးဖက်ဝင်မှိုများ၏ ထူးခြားချက်

လင်ဇီးမှို (Reishi) - သွေးတိုး၊ ဆီးချို၊ နှလုံးနှင့် အသည်းရောဂါများအတွက် ဆေးဖက်ဝင်ပါသည်။

ကောက်ရိုးမှို - နှလုံးအားကောင်းစေပြီး အပူငြိမ်းစေပါသည်။

ကြွက်နားရွက်မှို (Wood Ear) - သွေးကြောပိတ်ခြင်းကို ကာကွယ်ပေးပြီး ဝမ်းမှန်စေရန် အသုံးပြုလေ့ရှိပါသည်။

သဘာဝအချိုမှုန့် - မှိုကို "မှိုဟင်းခတ်မှုန့်" အဖြစ် ထုတ်လုပ်နိုင်ပြီး အချိုမှုန့်အစားထိုးပစ္စည်း အဖြစ် အသုံးပြုနိုင်ပါသည်။

အသားဓာတ်နှင့် ဗီတာမင်ဓာတ်များစွာ ပါဝင်သောကြောင့် အသားမစားသူ (သက်သတ်လွတ်စားသူ)များအတွက် အလွန်သင့်တော်ပါသည်။

၅

## သတိပြုရမည့်အချက်များ

- ဂေါက်ရောဂါ၊ အဆစ်ရောင်ဝေဒနာရှင်များ၊ ယားယံတတ်သော အရေပြားရောဂါနှင့် အစာအိမ်လေထိုးလေအောင့် ဖြစ်တတ်သူများအနေဖြင့် မှိုကိုသတိပြု၍ စားသုံးသင့်ပါသည်။
- စနစ်တကျ စိုက်ပျိုးထုတ်လုပ်ထားသောမှို (ဥပမာ- ကောက်ရိုးမှို၊ ငွေနှင်းမှို) များကိုသာ စားသုံးသင့်ပါသည်။

အဆိပ်ရှိသောမှိုနှင့် စားသုံးနိုင်သောမှိုကို ခွဲခြားရန် ခက်ခဲနိုင်သောကြောင့် **တောတွင်း အလေ့ကျပေါက်သည့်မှိုများကို အလွယ်တကူ ခူးဆွတ်မစားသုံးမိရန်** အထူးသတိပြုရမည်။



ငွေနှင်းမှို

ကောက်ရိုးမှို

၆

**မှိုတွင် အာဟာရတန်ဖိုးများစွာပါဝင်သောကြောင့် အခြားသူများကို သိရှိစားသုံးနိုင်စေရန်တိုက်တွန်းမျှဝေပါ။**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

# A Basic Spoken English Course

ယခင်တစ်ပတ်က Lesson 4: Introducing Other People (အခြားသူများကို မိတ်ဆက်ပေးခြင်း) အကြောင်းနဲ့ပတ်သက်တဲ့ လေ့ကျင့်ခန်းတွေကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ Lesson 5: My Daily Routine (နေ့စဉ်လုပ်ဆောင်ချက်များ) အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

(ယခင်တစ်ပတ်က ဖော်ပြပါရှိခဲ့သော မေးခွန်းများ၏ အဖြေများ)

**Answers**

**Lesson 4: Introducing Other People (အခြားသူများကို မိတ်ဆက်ပေးခြင်း)**

**Exercise 1: Fill in the blanks.**

1. is 2. is 3. Have 4. a 5. my 6. introduce 7. to 8. in

**Exercise 2: Match the sentences.**

1. b 2. c 3. a

**Exercise 3: Choose the correct word.**

1. friend 2. is 3. meet 4. my 5. met

**Exercise 4: Rearrange the words.**

1. This is my friend. 2. Have you met Su Su? 3. She is my teacher. 4. Nice to meet you. 5. He is my brother. 6. I'd like to introduce my cousin to you. 7. May I introduce my friend?

## Speaking practice

**1. Introduce your friend to your teacher.**

Teacher, May I introduce my friend, Aung Aung?

He is 13 years old. He studies in Grade 7. He likes playing football. He is friendly and hardworking.

**2. Introduce your brother to your classmate.**

I'd like you to meet my brother. This is Ko Min.

He is 20 years old. He is a university student. He likes reading books. He can play the guitar well.

**3. Introduce your cousin to your neighbour.**

May I introduce my cousin? This is Su Su.

She is 15 years old. She is from Mandalay. She likes drawing pictures. She is cheerful and polite.

## Writing Exercise: Introduce People

**(1) Write about your friend**

This is my friend, Aung Aung. He is 13 years old. He is a student in Grade 7. He likes playing football. He is friendly and hardworking.

**(2) Write about one family member**

This is my brother, Ko Min. He is very kind. He is a university student. He is a hardworking person. He likes reading books.

**(3) Write about your teacher**

This is my teacher, Daw Hla Hla. She teaches English. She is very kind and patient. She teaches in a clear and simple way.

**(4) Write about a classmate**

This is my classmate, Su Su. She is very friendly. She likes drawing pictures. She lives in Yangon. She is a helpful student.

**(5) Write a short introduction dialogue**

**A:** Hello! This is my friend, Min Min.

**B:** Nice to meet you, Min Min.

Min Min: Nice to meet you too.

**A:** He is 14 years old and studies in Grade 8.

**(6) Write about your neighbor**

This is my neighbor, U Zaw. He is very kind. He is a shop owner. He always helps others in need. He is very friendly to everyone.

**(7) Introduce two people you know**

This is my friend, Aung Aung. He is very friendly and likes playing football.

This is my cousin, Su Su. She is very polite and likes drawing pictures.

## Conversations

**Exercise (1)**

(1) this (2) meet (3) too (4) to

**Exercise (2)**

(1) introduce (2) Sure (3) too (4) He

**Exercise (3)**

(1) Please (2) Nice (3) from (4) to

****************************

## Lesson 5: My Daily Routine (နေ့စဉ်လုပ်ဆောင်ချက်များ)



နေ့စဉ်လုပ်ဆောင်ချက်များနဲ့ ပတ်သက်တဲ့ ကြိယာတွေကို ကျက်မှတ်ထားပါ။

- wake up/get up = အိပ်ရာနိုးသည်၊ အိပ်ရာထသည်။
- brush my teeth = သွားတိုက်သည်။
- have/eat breakfast = နံနက်စာ စားသည်။
- have a shower = ရေချိုးသည်။
- get dressed = အဝတ်အစားလဲသည်။
- go to work/school = အလုပ်သွားသည်။ ကျောင်းသွားသည်။
- get to work/school = အလုပ်ရောက်သည်။ ကျောင်းရောက်သည်။
- check my emails = အီးမေးလ်စစ်ဆေးသည်။
- work on my computer = ကွန်ပျူတာဖြင့် အလုပ်လုပ်သည်။
- have lessons = စာလေ့လာသည်။
- have/eat lunch =နေ့လယ်စာစားသည်။
- finish work = အလုပ်ပြီးဆုံးသည်။
- go home = အိမ်ပြန်သည်။
- get home = အိမ်သို့ ရောက်ရှိသည်။
- walk my dog = ခွေးနဲ့လမ်းလျှောက်ထွက်သည်။
- do my homework = အိမ်စာလုပ်သည်။
- surf the internet = အင်တာနက်သုံးသည်။
- go running = အပြေးလေ့ကျင့်သည်။
- go to the gym = အားကစားခန်းမသို့သွားသည်။
- have/eat dinner = ညစာစားသည်။
- read = စာဖတ်သည်။
- watch TV = တီဗွီကြည့်သည်။
- pay respects to my parents = မိဘများကို ကန်တော့သည်။
- pay homage to the Buddha = ဘုရားရှိခိုးသည်။
- go to bed = အိပ်ရာဝင်သည်။

နေ့စဉ်လုပ်ဆောင်ချက်တွေကို ဖော်ပြတဲ့အခါ **Present simple (V1)** ကို အသုံးပြုရပါတယ်။

**Subject Verb agreement (Subject Verb အနည်း၊ အများညှိခြင်း)**

Verb infinitive (V1) ကို သူ့အတိုင်းပဲထားရင် Verb က အများကိန်းဖြစ်ပါတယ်။ အနည်းကိန်းပြောင်းမယ်ဆိုရင် s/ es/ ies တို့ကို သင့်လျော်သလို ပေါင်းပေးရပါတယ်။ Subject နည်းရင် Verb နည်းမည်။ Subject များရင် Verb များမည်။

**Verb အနည်းကိန်းပြောင်းနည်း**

- Verb အများစုကို အနည်းကိန်းပြောင်းပါက s ပေါင်းထည့်ပေးရသည်။
- Verb သည် s/ss/sh/ch/x/o ဆုံးလျှင် es ပေါင်းထည့်ပေးရသည်။
- Verb သည် y ဆုံးပြီး y အရှေ့တွင် a,e,i,o,u ရှိပါက y ကို s ပေါင်းထည့်ပေးရသည်။
- Y အရှေ့တွင် ဗျည်း (ကျန် ၂၁ လုံး)ရှိပါက y ကို ဖြုတ်ပြီး ies ပေါင်းထည့်ပေးရသည်။

**Forms (ပုံစံများ)**

Positive – I/We/You/They <u>**go**</u> to school.
He/She/It <u>**goes**</u> to school.

Negative – I/We/You/They <u>**do not go**</u> to school. (do not = don't)
He/She/It <u>**does not go**</u> to school. (does not = doesn't)

Question – <u>**Do**</u> you/ they <u>**go**</u> to school?
<u>**Does**</u> he/she/it <u>**go**</u> to school?

ဥပမာ။ She <u>**likes**</u> tea. သူ လက်ဖက်ရည် ကြိုက်တယ်။
She <u>**does not like**</u> tea. သူ လက်ဖက်ရည် မကြိုက်ပါ။
<u>**Does**</u> she <u>**like**</u> tea? သူ လက်ဖက်ရည် ကြိုက်သလား။

**I. Circle the correct option.**

1. He doesn't (**play / plays**) the guitar.
2. My cat (**run / runs**) very fast.
3. My sister (**lives / live**) in London.
4. She (**go / goes**) to school.
5. He (**play / plays**) basketball.
6. I (**wake up / wakes up**) at 6 AM every morning.
7. They (**don't / doesn't**) eat breakfast on weekends.
8. My father (**wash / washes**) his car on Sundays.
9. We (**watch / watches**) TV after dinner.
10. She (**brush / brushes**) her teeth twice a day.
11. Min Min (**study / studies**) English in the evening.
12. Do you (**take / takes**) a shower in the morning?
13. My mother (**cook / cooks**) delicious dinner for us.
14. They (**go / goes**) to bed early on weekdays.
15. He (**doesn't / don't**) drink coffee.

**II. Fill in the blanks with the <u>simple present tense</u> form of the verbs given in brackets.**

1. Cows __________ us milk. (give)
2. My grandmother __________ delicious meals. (cook)
3. The boys __________ hard to get good grades. (study)
4. The teacher __________ the parents today. (meet)
5. The dogs __________ at night. (bark)
6. I __________ my teeth every morning and night. (brush)
7. He __________ to bed at 10 PM. (go)
8. My sister __________ the house on Saturdays. (clean)
9. We __________ coffee together in the morning. (drink)
10. Min Min __________ the bus to work every day. (take)
11. They __________ TV after eating dinner. (watch)
12. She __________ up at 6 AM every day. (wake)
13. The sun __________ in the east. (rise)
14. My father __________ the newspapers in the morning. (read)
15. Birds __________ in the sky. (fly)

**III. Complete the sentences in the simple present tense in <u>negative</u> form.**

e.g. My father <u>**doesn't sleep**</u> early every day.

e.g. My brothers <u>**don't study**</u> hard.

1. They ____________ (not / have) English classes on Saturday.
2. Ko Ko ______________ (not / do) his homework at night.
3. He _____________ (not / go) to the cinema on the weekend.
4. Sein Sein ________________ (not / like) to eat pizza here.
5. Daw Lay ____________________ (not / cook) chicken curry every day.
6. I ________________(not / drink) coffee in the evening.
7. My friends ____________________ (not / play) football on rainy days.
8. The bus ________________ (not / arrive) at 8 AM on Sundays.
9. We ________________ (not / watch) TV during lunchtime.
10. Nandar ________________(not / wake) up early on holidays.
11. My parents ____________________ (not / read) the newspaper online.
12. He ____________________ (not / take) a shower at night.
13. You ________________ (not / listen) to the radio anymore.
14. Thiri ____________________ (not / live) near the school.
15. Cats ____________________ (not / bark) like dogs.

****************************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ဉာဏ်ရည်တုလှိုင်းများ(၈)

❑ နီဇော်သစ်

လက်ရှိ အေအိုင်နည်းပညာ၏ ပါဝါပြန်လည်ဖြန့်ဝေမှုတို့ကို ဆွေးနွေးခဲ့ရာတွင် ပြီးခဲ့သည့်အပိုင်း၌ လူတစ်ဦးတစ်ယောက်ချင်းစီကြားသို့ ရောက်ရှိလာသောပါဝါများနှင့် ကော်ပိုရိတ်ကြီးများထံ စုသွားသောပါဝါများအကြောင်း ထည့်ပြောဖြစ်ခဲ့သည်။ ယခုတစ်ပတ်တွင် နိုင်ငံများနှင့် အစိုးရများဘက်သို့ ပါဝါပြန်လည်ဖြန့်ဝေမှုအကြောင်း အကြမ်းဖျင်း ဆက်လက်ဆွေးနွေးသွားပါမည်။

ပုံမှန်အားဖြင့် နိုင်ငံတစ်နိုင်ငံ အင်အားကြီးဖို့ လူဦးရေ၊ စစ်အင်အား၊ စက်ရုံအလုပ်ရုံအရေအတွက်၊ သဘာဝသယံဇာတဆိုသည့်အချက်များက အဓိကကျသည်။ လက်ရှိ အင်အားကြီးနိုင်ငံများဖြစ်သော အမေရိကန်ပြည်ထောင်စု၊ ရုရှားနှင့် တရုတ်တို့ထံတွင် ထိုအချက်များ ထင်ဟပ်နေသည်။ အေအိုင်နည်းပညာပေါ်ပေါက်လာချိန်တွင်မူ ထိုအချက်တို့ကြားတွင် အပြောင်းအလဲဖြစ်လာနိုင်သည့် အရိပ်အယောင်များကို မြင်တွေ့လာရသည်။

အေအိုင်ခေတ်တွင် လူဦးရေများခြင်း၊ နည်းခြင်းသည် အရေးပါမှုအနည်းငယ် လျော့ကျသွားသည်ဟု ဆိုနိုင်သည်။ လူဦးရေထက် အချက်အလက်၊ တွက်ချက်နိုင်စွမ်း၊ ချစ်ပ်များနှင့် အရည်အသွေးတို့က အဓိကပိုကျလာသည်။ စင်ကာပူသည် နိုင်ငံသေးပြီး လူဦးရေနည်းသော်လည်း ချမ်းသာကြွယ်ဝသော ပထမလှိုင်းနိုင်ငံအဆင့်ရောက်နိုင်သည်ဟု သက်သေပြထားပြီးသားဖြစ်သည်။ သို့သော် အင်အားကြီးနိုင်ငံတစ်နိုင်ငံတော့မဖြစ်ခဲ့။ အေအိုင်ခေတ်တွင် အင်အားကြီးနိုင်ငံဖြစ်ဖို့ မျှော်လင့်ချက်ရှိလာသည်။ လူဦးရေနည်းသည့်တိုင် အေအိုင်မဟာဗျူဟာ၊ ဒီဂျစ်တယ်အခြေခံအဆောက်အအုံများနှင့် အရည်အသွေးရှိသူများကို ဆွဲဆောင်နိုင်စွမ်းတို့က တိုင်းပြည်ကို အင်အားကြီးလာအောင် လုပ်နိုင်၍ ဖြစ်သည်။

ဥပမာပြောရလျှင် အနီးဆုံး ကမ္ဘာ့သမိုင်းကို ပြန်ကြည့်လျှင် စစ်အေးခေတ်တစ်လျှောက်လုံးနှင့် စစ်အေးခေတ် နောက်ပိုင်းကာလတစ်လျှောက်လုံး တိုင်းပြည်နိုင်ငံတို့၏အင်အားမှာ ထောက်လှမ်းရေးနည်းပညာများပေါ်တွင် တစ်စိတ်တစ်ပိုင်း မူတည်ခဲ့၏။ ထောက်လှမ်းရေးအင်အားကြီးဖို့ ထောင်နှင့်ချီသော အေးဂျင့်များ၊ ဘာသာပြန်များ၊ သတင်းသုံးသပ်သူများလိုအပ်သည်။ အေအိုင်နည်းပညာက လက်တွေ့ကွင်းဆင်းအေးဂျင့်များ၏ အလုပ်တို့မှလွဲ၍ ကျန်အလုပ်တော်တော်များများကို လူအင်အားမလိုဘဲ လုပ်ပေးလာနိုင်သည်။ လက်တွေ့ကွင်းဆင်းသည့်အပိုင်းတွင်လည်း ဂြိုဟ်တုရုပ်ပုံများလေ့လာဆန်းစစ်မှု၊ အသံဘာသာပြန်မှု၊ အဆင်အကွက်များဖမ်းယူမှုတို့တွင် အေအိုင်နည်းပညာအသုံးချမှုက ယခင်ကထက် ပိုမိုထိရောက်မှုရှိလာသည်။ ထို့ကြောင့် အေအိုင်အားကောင်းသည့်နိုင်ငံသည် ထောက်လှမ်းရေးအင်အား ပိုကောင်းလာသည်ကို မြင်နေရသည်။

နောက်တစ်ချက်မှာ အေအိုင်ပြိုင်ဆိုင်မှုသည် စစ်လက်နက်အင်အား ပြိုင်ဆိုင်မှုပုံစံသစ်ဖြစ်သည် ဆိုသည့်အချက်ပင်။ လက်ရှိဖြစ်ပွားနေသော စစ်ပွဲများအတွင်း နည်းပညာအပြောင်းအလဲများကို မြင်နေရသည်။ ဒေါ်လာ သန်းနှင့်ချီတန်သော ဒုံးပျံများကို ဒေါ်လာထောင်ဂဏန်း၊ သောင်းဂဏန်းသာရှိသော ဒရုန်းများက အန်တုလာနိုင်သည်ကို မြင်တွေ့နေရပြီဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်နိုင်ငံတစ်ခု၏ စစ်အင်အားဟုဆိုရာတွင် လူအင်အား၊ လက်နက်အင်အားသာမက နည်းပညာအင်အားကလည်း ဝင်ရောက်လာသည်ဟု ဆိုနိုင်သည်။ တစ်ချိန်က နည်းပညာအင်အားသည် လက်နက်အင်အားဘက်သို့ယိမ်းသည်။ နည်းပညာသာသော တိုင်းပြည်နိုင်ငံ၏ လက်နက်များကသာလွန်သည်။ အေအိုင်နည်းပညာကမူ လက်နက်အင်အားအပြင် လူအင်အားကိုပါ ဖြည့်ဆည်းပေးနိုင်သည်။ စစ်မြေပြင်တွင်ထွက်တိုက်သည့် အင်အားအတွက် မဟုတ်သည့်တိုင် နောက်မှ ပံ့ပိုးပေးရသည့်နေရာတွင် အေအိုင်ကို မဟာဗျူဟာကျကျသုံးနိုင်ပါက ထောက်ပံ့ရေးအင်အားကို မြင့်တက်စေသည်။


အမေရိကန်စစ်တပ်၏ သမိုင်းအချက်အလက်များကိုကြည့်လျှင် တိုက်ခိုက်ရေးအင်အားမှာ ပထမကမ္ဘာစစ်တွင် ၂၈ ရာခိုင်နှုန်း၊ ဒုတိယကမ္ဘာစစ်တွင် ၁၉ ရာခိုင်နှုန်း၊ ကိုရီးယားစစ်ပွဲတွင် ၇ ဒသမ ၅ ရာခိုင်နှုန်း၊ ဗီယက်နမ်စစ်ပွဲတွင် ၇ ဒသမ ၂ ရာခိုင်နှုန်း၊ ပင်လယ်ကွေ့စစ်ပွဲတွင် ၁၇ ရာခိုင်နှုန်းနှင့် အီရတ်စစ်ပွဲ(၂၀၀၅ ခုနှစ်)တွင် ၁၁ ရာခိုင်နှုန်းဟု တွေ့ရသည်။ ခက်ခက်ခဲခဲ ရှာစရာမလိုပါ။ ဝီကီပီးဒီးယားမှာပင် တွေ့နိုင်ပါသည်။ ထို့ကြောင့် စစ်အင်အား ၁၀၀ ရှိသည်ဆိုလျှင် တကယ်တမ်း တိုက်နေသူများမှာ ခုနစ်ယောက်မှ အယောက် ၂၀ ခန့်သာ ရှိသည်။ ဆိုလိုသည်မှာ ထောက်ပို့အင်အားသည် တိုင်းပြည်နိုင်ငံတစ်ခု၏ စစ်အင်အားအတွက် အရေးကြီးသောအပိုင်းဖြစ်သလို လူအင်အားလည်း ပိုပေးထားရသည့်နေရာဖြစ်သည်။

အေအိုင်က တိုင်းပြည်နိုင်ငံ အစိုးရများအတွက်လည်း ဗျူရိုကရက်တစ်ပါဝါ အားကောင်းလာအောင် ပြန်လည်ဖြန့်ဝေပေးသေးသည်။ အခွန်ကောက်ခံခြင်း၊ လူဝင်မှုကြီးကြပ်ရေး၊ ယာဉ်အသွားအလာစောင့်ကြည့်ရေး၊ နယ်စပ်ထိန်းချုပ်မှု အစရှိသည့် အရေးကြီးသောအပိုင်းတို့တွင် အေအိုင်က များစွာ အထောက်အကူပေးနိုင်သည်။ ပို၍အရေးကြီးသည်မှာ ပြည်သူတစ်ဦးတစ်ယောက်ချင်းအပေါ်တွင် အစိုးရက စောင့်ကြည့်နိုင်စွမ်း သိသိသာသာ မြင့်တက်သွားစေနိုင်ခြင်းဖြစ်သည်။ ဥပမာ မျက်နှာမှတ်သားစနစ်၊ မိုဘိုင်းဖုန်းအချက်အလက် စုဆောင်းမှု၊ ခရီးသွားမှတ်တမ်း၊ ယာဉ်အသွားအလာစောင့်ကြည့်ခြင်း၊ လူမှုဆက်ဆံရေးကွန်ရက်များကို ပေါင်းလိုက်လျှင် အိမ်ကထွက်၊ လမ်းလျှောက်၊ စျေးဝယ်၊ လက်ဖက်ရည်ဆိုင်ထိုင် မည်သည့်နေရာကိုမဆို စောင့်ကြည့်နိုင်သည်။ ယင်းမှာ ကင်မရာနည်းပညာနှင့် ချိတ်ဆက်နေသည်။ သို့သော် ယခင်က ကင်မရာအလုံး တစ်သောင်းတပ်ထားလျှင် လူငါးထောင်လောက် စောင့်ကြည့်ရသည်ကို ယခု အေအိုင်တစ်ခုတည်းနှင့် ခြေရာခံနိုင်စွမ်းရှိလာသည်။

အေအိုင်က အစိုးရတို့ကို ပေးစွမ်းသည့် နောက်ထပ် ပါဝါဖြန့်ဝေမှုတစ်ခုမှာ ဝါဒဖြန့်ချိရေးဖြစ်သည်။ ယခင်ကဆိုလျှင် ကမ္ဘာကို လွှမ်းမိုးနိုင်ဖို့ ရုပ်သံ၊ ရေဒီယို၊ သတင်းစာတို့လို ဝါဒဖြန့်ချိရေးဌာနကြီးများလိုအပ်သည်။ လူအင်အား၊ ငွေအင်အား အလွန်သုံးရသော အပိုင်းလည်းဖြစ်သည်။ ယခု အေအိုင်ခေတ်တွင် အေအိုင်နည်းပညာဖြင့် ထိုစရိတ်များကို တော်တော်များများ လျှော့ချပြီး ပိုမိုထိရောက်အောင် ဝါဒဖြန့်ချိနိုင်စွမ်းရရှိလာသည်။ ဤနေရာတွင် မြင်တွေ့နေရသည်မှာ အစိုးရအဖွဲ့များမဆိုထားနှင့် တစ်ဦးတစ်ယောက်ချင်းစီ သို့မဟုတ် လူအနည်းငယ်မျှသာပါသော အစုအဖွဲ့တစ်ခုက ယခင် အင်အားကြီး မီဒီယာများလောက်ပင် ဝါဒဖြန့်ချိရေးလုပ်နိုင်လာခြင်းဖြစ်သည်။ ပါဝါကို ဗဟိုချက်သို့စုပေးခြင်းနှင့် လူအများဆီသို့လည်း တစ်ပြိုင်နက် ဖြန့်ဝေပေးနေခြင်းမှာ အေအိုင်နည်းပညာတွင်မှ တွေ့မြင်ရသည့် ထူးခြားသောအချက်လည်းဖြစ်သည်။

ထို့ကြောင့် ဤနေရာတွင် ထိန်းချုပ်နိုင်စွမ်းက အရေးပါလာသည်။ အင်န်ဗီးဒီးယားလို ကော်ပိုရိတ်များက ချစ်ပ်ပါဝါကိုကိုင်ထားပြီး ကလောက်ဒ်ဘီလူးကြီးများက တွက်ချက်မှုပါဝါကို ကိုင်ထားချိန်တွင် အစိုးရများက ဥပဒေပြုရေးပါဝါနှင့် ပြန်ထိန်းချုပ်ဖို့ကြိုးစားသည်။ လူထုက ယခင်မလုပ်နိုင်သည့် ဝါဒဖြန့်ချိရေးအပိုင်းကို ဝင်လုပ်လာနိုင်သော်လည်း ကော်ပိုရိတ်ကြီးများက ပလက်ဖောင်းများပေါ်မှ ထိန်းချုပ်ထားသည်။ ယင်းကို လူထုတင်မက အစိုးရများလည်းခံရသည်။ အင်တာနက်ခေတ်တွင် ဝါဒဖြန့်ချိရေးပါဝါသည် အစိုးရထံမှ ပြည်သူထံသို့ တစ်စိတ်တစ်ပိုင်း ပြန်လည်ဖြန့်ဝေသွားခဲ့သည်။ သို့သော် အေအိုင်ခေတ်တွင် ထိုပါဝါသည် ပြည်သူ၊ ကော်ပိုရေးရှင်းနှင့် အစိုးရတို့ကြား အားပြိုင်မှုအသစ်တစ်ရပ်အဖြစ် ပြောင်းလဲလာနေသည်။ ပြည်သူများသည် ဖန်တီးနိုင်စွမ်းရလာသလို ကော်ပိုရိတ်များက ဖြန့်ချိမှုလမ်းကြောင်းများကို ထိန်းချုပ်ထားပြီး အစိုးရများက အချက်အလက်နှင့် စောင့်ကြည့်နိုင်စွမ်း ပိုမိုရရှိလာကြသည်။ ယင်းတို့မှာ လက်ရှိမြင်နေရသည့် အေအိုင်နည်းပညာက ပြောင်းလဲပေးလိုက်သော အခင်းအကျင်းများဖြစ်သည်။


ထို့ကြောင့် အင်တာနက်ခေတ်တွင် အချက်အလက်ကို မည်သူပိုင်ဆိုင်သနည်းဆိုသည်က အရေးကြီးခဲ့သည်။ အေအိုင်ခေတ်တွင်မူ အချက်အလက်ကို မည်သူအဓိပ္ပာယ်ဖော်နိုင်သနည်း၊ မည်သူဆုံးဖြတ်ချက်ချနိုင်သနည်း၊ မည်သူလုပ်ဆောင်နိုင်သနည်းဆိုသည်က ပို၍အရေးကြီးလာသည်။ ထို့အတွက် ပြည်သူ၊ ကော်ပိုရိတ်ကြီးများနှင့် အစိုးရတို့ကြား ပါဝါပြန်လည်ဖြန့်ဝေမှုနှင့် ပါဝါပြိုင်ဆိုင်မှုအသစ်တစ်ရပ် ပေါ်ပေါက်လာနေသည်ဟု ဆိုရမည်ဖြစ်သည်။




---

## စကြဝဠာ၏ ပဟေဠိဆန်သော အချက်ပြမှုများထဲမှ တစ်ခုမှာ အဖော်ကြယ်ကိုစုပ်ယူနေသည့် ကြယ်ဖြူပုတစ်စင်းဖြစ်နေ

သိပ္ပံပညာရှင်များသည် စကြဝဠာထဲ၌ လေ့လာတွေ့ရှိရသောတွေ့ရခဲပြီး ပဟေဠိဆန်သည့် အချက်ပြမှုအချို့ထဲမှ တစ်ခုမှာ အဖော်ကြယ်ထံမှ ဒြပ်ပစ္စည်းများကို စုပ်ယူနေသည့် ကြယ်ဖြူပုတစ်စင်းဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သဖြင့် ပဟေဠိတစ်ခုကို အဖြေညှိနိုင်ခဲ့ပြီဖြစ်သည်။



တယ်လီစကုပ်များ အားကောင်းလာပြီးနောက် နက်ရှိုင်းစကြဝဠာထဲသို့ လေ့လာခဲ့ရာတွင် အဆိုပါပဟေဠိဆန်သော ရေဒီယိုအချက်ပြမှုတစ်မျိုးကို တွေ့ရှိခဲ့ကြသည်။ ယခုအချိန်တွင်မူ ဆစ်ဒနီတက္ကသိုလ်မှ ပညာရှင်များက အက်စ်ကက်ပ်(ASKAP) ရေဒီယိုတယ်လီစကုပ်မှရသော အချက်အလက်များကို တွက်ချက်ပြီး ယင်းမှာ အဖော်ကြယ်မှ ဒြပ်ပစ္စည်းများကို စုပ်ယူနေသည့် ကြယ်ဖြူပုတစ်စင်းထံမှလာသော အချက်ပြမှုများဖြစ်သည်ဟု ထုတ်ဖော်နိုင်ခဲ့သည်။

စကြဝဠာထဲတွင် ကြယ်တစ်စင်းတည်း တည်ရှိသည်မှာ ရှားပါးပြီး ကြယ်စုံတွဲများမှာ အတွေ့များသည်။ အလားတူ ကြယ်စုံတွဲများထဲတွင် တစ်စင်းက သေဆုံးပြီး ကြယ်ဖြူပုဖြစ်သွားသည်။ ကြယ်ဖြူပုစုံတွဲများကိုလည်း အများအပြား တွေ့ရသည်။ သို့သော် ယခုလိုမျိုး ကြယ်ဖြူပုက အဖော်ကြယ်ကိုစုပ်ယူနေသောဖြစ်စဉ်မှာ ရှားပါးဖြစ်စဉ်ဖြစ်ပြီး ယခုအချိန်တွင်မှ ပထမဆုံး ဖော်ထုတ်နိုင်ခြင်းလည်းဖြစ်သည်။ ကျွန်တော်တို့ နဂါးငွေ့တန်း ကြယ်စုထဲတွင် ထိုကဲ့သို့ အချက်ပြမှုမျိုး ၁၂ နေရာခန့်သာ တွေ့ထားသေးသည်ဟုလည်း သိရသည်။

“ကျွန်တော်တို့အနေနဲ့ ဒီအချက်ပြမှုတွေကို ပထမဆုံးအကြိမ် တိတိကျကျ ထောက်လှမ်းနိုင်ခဲ့တာပါ။ အားလုံးပေါင်းမှ တစ်ဒါဇင်လောက်ပဲ တွေ့ထားပါသေးတယ်။ ဒါဟာ ဖျက်အားပြင်း ရောင်ပြောင်းတောက်ကြယ်စုံတွဲ၊ ဒါမှမဟုတ် ကျူးကျော်ကြယ်ဖြူပုလို့ခေါ်နိုင်တဲ့ အရင်းအမြစ်တွေကနေလာတယ်ဆိုတာကို အတည်ပြုနိုင်ခဲ့ပါတယ်”ဟု လေ့လာမှုကို ဦးဆောင်ခဲ့သည့် ဆစ်ဒနီတက္ကသိုလ်မှ ရူပဗေဒပါရဂူတန်း ကျောင်းသား ကိုဗီရို့စ်က ဆိုသည်။

သူတို့အဖွဲ့လေ့လာခဲ့သည်မှာ နဂါးငွေ့တန်း ကြယ်စုအတွင်းရှိ မြေကမ္ဘာမှ အလင်းနှစ် ၁၈၆၀ ဝန်းကျင်သာ ကွာလှမ်းသော ASKAP J1745–5051 ဟု အမည်ပေးထားသည့် ကြယ်နီပု–ကြယ်ဖြူပု ကြယ်စုံတွဲဖြစ်သည်။ ထိုကြယ်စုံတွဲမှ တစ်နာရီ ၁၅ မိနစ်လျှင် တစ်ကြိမ် ရေဒီယိုလှိုင်းနှင့် ခတ်မှန်ရောင်ခြည်လှိုင်းများကို ပဟေဠိဆန်ဆန်ဖမ်းယူရရှိရာမှ ယခုလို ဆက်လက်လေ့လာ တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ စကြဝဠာထဲမှ ပုံမှန်မဟုတ်သော ပဟေဠိဆန်သည့် ရေဒီယိုအချက်ပြမှုအချို့ထဲမှ တစ်ခုကို အဖြေရှာနိုင်ခဲ့ကြခြင်းလည်း ဖြစ်သည်။ **Source:scitechdaily**

## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

### ရန်ကုန်မြို့တွင်း အထင်ကရနေရာများ လမ်းညွှန်





သတင်းစာဆရာ၊ စာရေးဆရာ သာညာဏ်(ရန်ကင်း) ရေးသားပြုစုထားသည့် “ရန်ကုန်မြို့တွင်း အထင်ကရနေရာများ လမ်းညွှန်” စာအုပ် ထွက်ရှိလာသည်။

ဤစာအုပ်သည် ခရီးသွားလမ်းညွှန်စာအုပ်သက်သက်သာ မဟုတ်ဘဲ မိမိသွားရောက်သော နေရာဒေသများမှ သမိုင်းကြောင်းခြင်းရာများကိုပါ စုစည်းဖော်ပြပေးထားသည့်အတွက် ခရီးလည်းသွား၊ ဗဟုသုတလည်းရဆိုသလို အရွယ်သုံးပါးသာမက မိမိ၏အနာဂတ်မျိုးဆက်သစ်များအထိပါ အသုံးဝင်တန်ဖိုးထားရမည့် စာအုပ်တစ်အုပ်ဖြစ်ခြင်းကြောင့် လူတိုင်း၊ အိမ်တိုင်း ဝယ်ယူသိမ်းဆည်း ဖတ်ရှုသင့်သည့်စာအုပ်ဖြစ်သည်။

ထို့ကြောင့် အနယ်နယ်အရပ်ရပ်မှသာမက ပြည်ပမှ ရန်ကုန်မြို့သို့လာရောက်ကြမည့် ခရီးသွားများ အနေဖြင့် ရန်ကုန်မြို့တွင်းမှ အထင်ကရ သွားလာလည်ပတ်သင့်သောနေရာ ၂၅ ခုကို YBS လမ်းကြောင်း၊ Taxi လမ်းကြောင်းများနှင့် ဖော်ပြထားသည့်အပြင် ရန်ကုန်မြို့၏ သမိုင်းဝင်ရှေးဟောင်းအမွေအနှစ်အဆောက်အအုံလမ်းညွှန်များ၊ ရန်ကုန်မြို့မှ နေ့ချင်းပြန်နှင့် ညအိပ်ညနေ (Day Trip) သွားရောက်လည်ပတ်အပန်းဖြေအနားယူသင့်သည့်နေရာများ၊ ရန်ကုန်မြစ်အတွင်း ညနေရှုခင်းကြည့် သင်္ဘောခရီးစဉ်၊ ရေပေါ်စားသောက်ဆိုင်နှင့် ဟိုတယ်များ၊ အငှားယာဉ် (Taxi) နှင့် YBS ယာဉ်လမ်းကြောင်းလမ်းညွှန်များ စသည်တို့ကို လမ်းညွှန်ဖော်ပြပေးထားသည်။

စာအုပ်ကိုဝယ်ယူလိုပါက စိတ်ကူးချိုချိုစာအုပ်တိုက် (ရုံးချုပ်) ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သီရိမင်္ဂလာရာမကျောင်းလမ်း အမှတ်(၇\၈) ဖုန်း ၀၉-၂၆၈၆၉၀၀၀၃ ရန်ကုန်မြို့နှင့် နယ်စာအုပ်ဆိုင်များတွင် တစ်အုပ်လျှင်ငွေကျပ် ၁၈၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

### ပုခန်းနယ်တစ်ခို လွမ်းစရာပို ပခုက္ကူ၊ မြိုင်၊ ရေစကြို




မောင်မျိုးဆင့် (မြန်မာစာ) ရေးသားသည့် ပုခန်းနယ်တစ်ခို လွမ်းစရာပို ပခုက္ကူ၊ မြိုင်၊ ရေစကြိုစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် အခန်း (၇)ခန်းပါဝင်သည်။ အခန်း (၁) သမိုင်းဝင်မြေသို့ အခန်းတွင် ရှေးခေတ်အဆက်ဆက်က သမိုင်းဝင်မြို့တော်တစ်ဆူဖြစ်သည့် ပုခန်းမြို့၏ အနိမ့်အမြင့်၊ အတက်အကျ၊ အဖြစ်အပျက်များကို ဖော်ပြထားသည်။ အခန်း (၂) မြို့ရိုးအတွင်းက ပြတိုက်အခန်းတွင် ပုခန်းနယ်မြေ၏ အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းရန် ကြိုးစားခဲ့ကြသည့် ပုခန်းရှေးဟောင်း သုတေသနပြတိုက်ဆိုင်ရာများ၊ အခန်း (၃) ရိုးရာလက်မှုအစုစုအခန်းတွင် ရိုးရာအစဉ်အလာနှင့် လက်မှုဓလေ့များကို ရှာဖွေလေ့လာမှု၊ အခန်း (၄) ပန်းချီဆေးတို့ကာ မအိုသေးပါအခန်းတွင် အနုလက်ရာရှေးမြန်မာပန်းချီလက်ရာများကို ဖော်ပြထားပြီး အခန်း (၅) ကျောင်းကြီးရယ်အိုအခန်းတွင် ပုခန်းကျောင်းကန်၊ ပုဂံဘုရားဆိုသည့်စကားနှင့်အညီ ပုခန်းနယ်ထဲမှ ဗုဒ္ဓသာသနာထွန်းကားခဲ့ရာ ရှေးဟောင်းကျောင်းကန်များအကြောင်းကို ဖော်ပြထားသည်။ အခန်း (၆) ပုခန်းအနောက်လက်က အကြည်တော်သူမြတ်အခန်းတွင် မြိုင်အစပ်ယမားချောင်းဘေးက အကြောင်းအရာများပါဝင်သည်။ အခန်း (၇) ပုခန်းမြောက်လက် သလ္လာဝတီ တွီတွီဖုန်းလို့အခန်းတွင် သာသနာ့ဝန်ထမ်း ရဟန်းတော်များ၏ သမိုင်းဝင်ထင်ရှားခဲ့ပုံများကို စုဆောင်းတင်ပြထားပြီး ဓာတ်ပုံအထောက်အထားများ၊ မြေပုံများပါဝင်သည်။

စာအုပ်ကို ရှင်မတောင်စာပေ ဖုန်း ၀၉၇၇၇၁၃၉၄၇၇၊ ၀၉၇၆၀၄၆၈၁၃၈၊ အမှတ် ၂၁၉၊ လမ်း (၄၀) လယ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၀၀၀၀ ဖြင့် ဖြန့်ချိသည်။


## ၂၀၂၆ ခုနှစ် မေလအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့် ကိရိယာ (FPM-377C) ဖြင့် လေထုအတွင်း 2.5 မိုက်ခရွန်မီတာ (µm) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိုးလေဝသရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station – AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း ($O_3$)၊ $PM_{10}$ နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။


ရန်ကုန်(ကမ္ဘာအေး)ရုံး၏၂၀၂၆ ခုနှစ် မေလ ၁ ရက်နေ့မှ ၁၂ ရက်နေ့အထိနှင့် မေလ ၁၆ ရက်နေ့မှ ၃၁ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် လေအရည်အသွေးမှာ မေလအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ရှစ်ရက်၊ အသင့်အတင့်အဆင့်၌ ၂၀ ရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေးအခြေအနေ ($PM_{2.5}$)မှာ ကောင်းမွန်သောအဆင့်၌ ရှစ်ရက်နှင့် အသင့်အတင့်အဆင့်၌ ၂၃ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန


ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ





ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ $PM_{10}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း ($O_3$) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း




လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ် မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသောအုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေးထိခိုက်နိုင်ခြေပိုများသည်။ |

## ရပ်စောက်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ရပ်စောက် ဇွန် ၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် UID ကတ်များ ထုတ်ပေးခြင်းကို ဇွန် ၄ ရက် နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း(ဗထူး) နဝရတ်ခန်းမဆောင်၌ ပြုလုပ်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ရပ်စောက်မြို့နယ် လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်နှင့်ဝန်ထမ်းများ၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း(ဗထူး)မှ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိ ဗိုလ်ကြီး မျိုးမင်းဦးနှင့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိစေရေး ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၁၅၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဥက္ကံမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ကွင်းဆင်းထုတ်ပေး

တိုက်ကြီး ဇွန် ၇

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေး



ကတ်ပြားများနှင့် UID ကတ်များ ထုတ်ပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက အထက(ဥက္ကံ)မြို့၌ ကွင်းဆင်းဆောင်ရွက်သည်။

ခရိုင်လဝကဦးစီးမှူး ဦးသန်းထွဋ်အောင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသက်၊ ခရိုင်လဝကဦးစီးမှူးနှင့် တာဝန်ရှိသူများက အထက(ဥက္ကံ)မှ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် UID ကတ်များ ထုတ်ပေးကြသည်။ အလားတူ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ■ ရွှေပိတောက်ငါးဈေးမှ

ဘုရင့်နောင်လမ်းမကြီးနှင့် လှိုင်မြစ်မှ ရွှေပိတောက်ငါးဈေးသို့ ဝင်ရောက်လာသည့် ရေချိုထွက်ကုန်များကို ရန်ကုန်မြို့နှင့် ဒေသအသီးသီးသို့ တင်ပို့ရာ၌ လုပ်သားအင်အားသည် အရေးပါလျက်ရှိရာ ရွှေပိတောက်ငါးဈေးသို့ လှိုင်၊ ကြည့်မြင်တိုင်၊ ဒလ၊ တွံတေး၊ အင်းစိန်၊ လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်တို့မှ အလုပ်သမားများ နေ့စဉ် ကုန်တင်ကုန်ချ၊ ရေခဲရိုက်၊ ငါးပုံးရိုက်၊ ပို့ဆောင်ရေးနှင့် အရောင်းအဝယ်လုပ်ငန်းတို့၌ လုပ်ကိုင်ကြလျက်ရှိသည်။

“ရွှေပိတောက်ငါးဈေးက ငါးဒိုင်တစ်ခုမှာ အလုပ်သမားငါးဦးကနေ ရှစ်ဦးရှိမှသာ လုပ်ငန်းလည်ပတ်လို့ရပါတယ်။ လုပ်သား ငါးဦး၊ ပွဲစား တစ်ဦး၊ စာရေး နှစ်ဦးထားပါတယ်။ ငါးဈေးမှာ ဆိုင်ခန်း ၄၃၀ ကျော်ရှိတဲ့အတွက် တစ်ရက်ကို အလုပ်သမား ၂၀၀၀ ကျော် အလုပ်အကိုင်ရနေကြပါတယ်”ဟု ရွှေပိတောက်ငါးဈေး၏ ဈေးသာယာရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

ရွှေပိတောက်ငါးဈေးသည် ရှစ်ဧကကျော်ကျယ်ဝန်းပြီး ဆိပ်ကမ်းတစ်ခုလည်းရှိသည်။ ဈေးရုံပေါင်း ခုနစ်ရုံရှိကာ ဆိုင်ခန်းနှင့် ရေခဲဒိုင်အပါအဝင် ဆိုင်ခန်းပေါင်း ၄၃၂ ခန်း ရှိသည်။ တစ်နေ့တာလုပ်ခအဖြစ် ဒိုင်သို့ ဝင်ရောက်လာသော ရေထွက်ပစ္စည်းကုန်ချိန်ပေါ်မူတည်၍ ရရှိလေ့ရှိသည်။ ရွှေပိတောက်ငါးဈေးကြီး၌ နေ့စဉ်ရေချိုထွက်ကုန်များ ကုန်စည်စီးဆင်းမှုဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း သိရသည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ – ဖွဲ့မာန်**

### ○ မြန်မာအမျိုးသမီးမှ

သစ္စာအားမာန်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်း၊ ရှမ်းယူနိုက်တက်အသင်း၊ Young Lionesses အသင်း၊ မြဝတီအသင်း၊ ရန်ကုန်စီးတီးအသင်း၊ ရတနာပုံအသင်းနှင့် ဖွဲကပင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများအနက် ရန်ကုန်ယူနိုက်တက်အသင်းသည် YUSC ကွင်း၌ အိမ်ကွင်းပွဲအားလုံး လက်ခံကျင်းပမည်ဖြစ်ပြီး ရှောဝတီအသင်းမှာလည်း ပထမဆုံးအဖြစ် ပုသိမ်မြို့ရှိ ကိုးသိန်းကွင်း၌ ပထမအကျော့ နှစ်ပွဲ၊ ဒုတိယအကျော့ နှစ်ပွဲ လက်ခံကစားမည်ဖြစ်ပြီး ကျန်ငါးပွဲကိုမူ ရန်ကုန်မြို့တွင်သာ ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇွန် ၁၅ ရက်မှ ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၃၀ ရက်အထိ ရှစ်လကြာ ကျင်းပမည်ဖြစ်ပြီး ရုပ်သံလိုင်းများမှလည်း တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ကျင်းပပြီးစီးခဲ့သည့် ခုနစ်ကြိမ်တွင် မြဝတီအသင်းနှင့် အား/ကာ သိပ္ပံအသင်းက သုံးကြိမ်စီ၊ ရှောဝတီအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။

**ရှိုင်းထက်ဇော်**

### ✪ MFF မှ

ပွဲစဉ် (၅) အပြီးတွင် SGF Youth အသင်းက ၁၅ မှတ်ဖြင့် ဦးဆောင်နေပြီး FFU မင်းမဟော်အသင်း၊ Mahar Burma အသင်းနှင့် Victoria အသင်းတို့က ၁၂ မှတ်စီ၊ Pacific Sun Far အသင်းက ၁၀ မှတ်၊ Avengers Junior အသင်း၊ United City အသင်းနှင့် TKA Stars အသင်းက ခြောက်မှတ်စီ၊ Jullniss အသင်းက လေးမှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက သုံးမှတ်၊ မာရိန်းအသင်းနှင့် ဘူရှိဒိုအသင်းတို့က တစ်မှတ်စီ ရရှိထားသည်။

**သတင်း – မောင်စံကြီး**

**ဓာတ်ပုံ – MFF**

“လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့”

### ✶ ရုရှားမှ

ရုရှား တင်းနစ်မယ် အန်ဒရီဗာဟာ ပိုလန်တင်းနစ်မယ် ချဝါလင်စကာကို ၁ နာရီနဲ့ ၂၂ မိနစ်အကြာ ယှဉ်ပြိုင်ကစားပြီးနောက် ၆–၃၊ ၆–၂ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ရုရှားတင်းနစ်မယ် အန်ဒရီဗာ အနေနဲ့ အခုလို ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်းတင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဟာ ၂၀၂၀ ပြည့်နှစ်က ဆွီယာတက်ခ် ပြင်သစ်အိုးပင်းတင်းနစ်ဖလား ရရှိခဲ့ပြီးနောက်ပိုင်း ဆယ်ကျော်သက်တင်းနစ်မယ်တစ်ဦးအနေဖြင့် ပထမဆုံးဆွတ်ခူးရရှိခဲ့တာလည်း ဖြစ်ပါတယ်။

တင်းနစ်မယ် အန်ဒရီဗာဟာ ၂၀၂၄ ခုနှစ်က ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။ အန်ဒရီဗာဟာ အသက် ၁၉ နှစ်သာရှိသေးတာကြောင့် ၁၉၉၂ ခုနှစ်က မိုနီကာဆီလက် ပြင်သစ်အိုးပင်းတင်းနစ်ဖလား ဆွတ်ခူးခဲ့ပြီးနောက် ပြင်သစ်အိုးပင်းတင်းနစ်ဖလား ဆွတ်ခူးနိုင်ခဲ့တဲ့ အသက်အငယ်ဆုံးတင်းနစ်မယ် အဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

### ✤ အာဆီယံ ယူ–၁၉ မှ

မြန်မာအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ဂိုးမရဘဲ ၄၃ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ပြန်လျှံထွက်လာသောဘောလုံးကို မာစီယိုက ကန်သွင်းခဲ့သဖြင့် တီမောအသင်း ဦးဆောင်ဂိုး ရခဲ့သည်။ ပထမပိုင်းတွင် အရေးနိမ့်နေသည့် မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးရရန် အားထည့်ကစားလာပြီး ၄၈ မိနစ်တွင် လမင်းပြည့်စုံက ချေပဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ဆက်တိုက်ဖိကစားခဲ့ပြီး ၆၇ မိနစ်တွင် စွမ်းဇာနည်က ဒုတိယဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် တတိယဂိုးကို ၉၀+၁ မိနစ်တွင် စိုင်းဘိုဘိုကျော်က သွင်းယူခဲ့သည်။

အုပ်စု (A) အခြားပွဲတွင် အိမ်ရှင်အင်ဒိုနီးရှားအသင်းက ဗီယက်နမ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စု (A) ပွဲစဉ်များအပြီးတွင် အင်ဒိုနီးရှားအသင်းက ကိုးမှတ်၊ ဗီယက်နမ်အသင်းက ခြောက်မှတ်၊ မြန်မာအသင်းက သုံးမှတ်ရခဲ့ပြီး တီမောအသင်းမှာမူ အမှတ်မရခဲ့ပေ။ အင်ဒိုနီးရှားအသင်းသည် အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ပြီး ဒုတိယရခဲ့သည့် ဗီယက်နမ်အသင်းမှာမူ ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြားအုပ်စုများမှ အုပ်စုဒုတိယနေရာရအသင်းများ၏ရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ **သတင်း – ညီမြတ်သော်တာ၊ ဓာတ်ပုံ – MFF**

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

**မွေးသက္ကရာဇ်အမှန်ပြင်ဆင်ခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်နေ ဦးငြိမ်းကျော်ထွန်း၏ သမီးဖြစ်သူ မမြတ်မဥ္ဇူထွန်း(နဝမတန်း)၏ ကျောင်းဝင်မှတ်ပုံတင်စာရင်း၌ (၂၀–၅–၂၀၁၁)ဟု မှားယွင်းနေပါသဖြင့် မွေးစာရင်းနှင့် သန်းခေါင်စာရင်းများအရ မွေးသက္ကရာဇ်အမှန်မှာ (၂၀–၁၀–၂၀၁၁)ဖြစ်ပါကြောင်း။

**ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်**

